မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း


အမှတ် ၂၄ ] ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက် ) } သောကြာနေ့ [ အတွဲ ၇၂


ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် ၁၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၆ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပုဒ်မ ၂၆၄၊ ပုဒ်မခွဲ (ဂ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၈၂၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ)၊ ပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ဝန်ကြီးဌာနများတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများ အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည် -

| | | |
|---|---|---|
| (၁) | ဒေါ်ရီရီချို | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (၂) | ဦးလှထွေး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |
| (၃) | ဦးအောင်သူရ | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

**ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီ**
**အဖွဲ့ဝင်များ ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၄/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော **ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီနှင့် နေပြည်တော်/**

**တိုင်းဒေသကြီး/ပြည်နယ်ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးကော်မတီ** မှ **ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးဗဟိုကော်မတီ** တွင် အောက်ပါပုဂ္ဂိုလ်များကို အဖွဲ့ဝင်များအဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်သည် -

(၁) အမြဲတမ်းအတွင်းဝန်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(၂) ညွှန်ကြားရေးမှူးချုပ်
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၃) ညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(၄) ကိုယ်စားလှယ်တစ်ဦး
ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU)

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၄/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| | **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (၁) | ဦးခင်မောင်ဦး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| (၂) | ဦးဟောက်ခန့်ဆုမ်း | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော် ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၄၆/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်)

**Advisory Board for Exercise is Medicine (EIM) Myanmar National Center ဖွဲ့စည်းခြင်း**

၁။ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်လှုပ်ရှား ဆောင်ရွက်နိုင်ရန်အတွက် **Advisory Board for Exercise is Medicine (EIM) Myanmar National Center** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဝန်ကြီး<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဥက္ကဋ္ဌ<br>ကျန်းမာရေးနှင့် အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ<br>ပြည်သူ့လွှတ်တော် | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>အခြေခံပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူးချုပ်<br>ဆေးသုတေသနဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆရာဝန်အသင်း | အဖွဲ့ဝင် |
| (ဍ) | ပါမောက္ခချုပ်<br>ပြည်သူ့ကျန်းမာရေးတက္ကသိုလ်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | ညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဏ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားနှင့် ကာယပညာဦးစီးဌာန<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ **Advisory Board for Exercise is Medicine (EIM) Myanmar National Center** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မြန်မာနိုင်ငံတွင် ကိုယ်လက်လှုပ်ရှား-ဆေးတစ်ပါး အကောင်အထည်ဖော်မည့် နိုင်ငံတော်အဆင့် အဖွဲ့အစည်းအတွက် ရည်မှန်းချက် (Goals) နှင့် တာဝန်များ (Missions) ကို သတ်မှတ်ပေးခြင်း၊

(ခ) ကိုယ်လက်လှုပ်ရှား-ဆေးတစ်ပါး အကောင်အထည်ဖော်ရန် ကမ္ဘာ့အဖွဲ့အစည်း (EIM Global Center)၊ ဒေသဆိုင်ရာအဖွဲ့အစည်း (EIM Regional Center) တို့နှင့် အပြန်အလှန် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဂ) ကိုယ်လက်လှုပ်ရှား-ဆေးတစ်ပါး အစီအစဉ်ကို နိုင်ငံအဝန်းကျယ်ပြန့်စွာတိုးချဲ့ရေးအတွက် လုပ်ငန်းဆိုင်ရာရည်မှန်းချက်များ (set goals)၊ မဟာဗျူဟာများ (Strategies) နှင့် သတ်မှတ်ကာလများ (time lines) များကို လေးလတစ်ကြိမ် အစည်းအဝေးပြုလုပ် လမ်းညွှန်သတ်မှတ်ပေးခြင်း၊

(ဃ) သတ်မှတ်လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ငွေကြေးကိစ္စများရရှိနိုင်ရေး သင့်လျော်သလို ရှာဖွေစီမံဆောင်ရွက်ပေးခြင်း၊

(င) ကိုယ်လက်လှုပ်ရှား-ဆေးတစ်ပါး အကောင်အထည်ဖော်မည့် နိုင်ငံတော်အဆင့်အဖွဲ့အစည်း (EIM NC) မှ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လမ်းညွှန်ပေးခြင်း၊ ကြီးကြပ်ပေးခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းသဘောတရားပေါ်မူတည်၍ လိုအပ်ချက်နှင့် ကိုက်ညီမှုရှိသောပုဂ္ဂိုလ်များပါဝင်သည့် လုပ်ငန်းအဖွဲ့များ (working groups)၊ ထပ်ဆင့်အဖွဲ့ခွဲများ (sub-committees) ကို လိုအပ်သလို တိုးချဲ့ဖွဲ့စည်းပေးခြင်း၊ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တွေ့ကြုံရင်ဆိုင်ရသော အခက်အခဲများ၊ ပြဿနာများကို ကူညီအဖြေရှာလမ်းညွှန်ပေးခြင်း၊

(စ) သတ်မှတ်လမ်းညွှန်ပေးထားသော လုပ်ငန်းများပြီးစီးမှုအခြေအနေ၊ အကောင်အထည်ဖော်နိုင်မှုအတိုင်းအတာတို့ကို ပြန်လည်ဆန်းစစ်ခြင်း၊ သုံးသပ်ခြင်းများကို နှစ်စဉ်ဆောင်ရွက်ခြင်း၊

(ဆ) နှစ်စဉ်ပြန်လည်ဆန်းစစ်သုံးသပ်ချက်များပေါ်မူတည်၍ လိုအပ်သလို ရည်မှန်းချက်များ (set goals)၊ မဟာဗျူဟာများ (Strategies) နှင့် သတ်မှတ်ကာလများ (time lines) များကို ပြင်ဆင်လမ်းညွှန်ပေးခြင်း။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၉ ရက်)

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦး အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးအောင်နိုင်ဦး သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာန၏တာဝန်များကို တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စာရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

**နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေး ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁။)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့တွင် စတင်အာဏာ တည်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည် -

(က) **နယ်နိမိတ်**ဆိုသည်မှာ ဤဥပဒေအရ နိုင်ငံတော်အတွင်း မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်မြေအပိုင်းအခြားကို ဆိုသည်။

(ခ) **မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်**ဆိုသည်မှာ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိက မြေတိုင်းတာရာ နေရာများကိုသော်လည်းကောင်း၊ မြေတိုင်းတာရာ အမှတ်အသားများကိုသော် လည်းကောင်း ယင်းမြေနယ်နိမိတ်ပေါ်တွင်ဖြစ်စေ၊ အတွင်းတွင်ဖြစ်စေ မြေကြီးပေါ်၌ သို့မဟုတ် မြေကြီးအတွင်း၌ မြှုပ်နှံစိုက်ထူ တည်ဆောက်ထားသည့် အုတ်တိုင်၊ ကျောက်တိုင်၊ အခြားတိုင် တစ်မျိုးမျိုး သို့မဟုတ် ပွွန်ကိုသော်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန သို့မဟုတ် မြေတိုင်းတာသည့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုက ချမှတ် ထားသည့် မြေပြင်အမှတ်အသား တစ်ခုခုကိုသော်လည်းကောင်း ဆိုသည်။

(ဂ) **စာချုပ်စာတမ်း**ဆိုသည်မှာ အကြောင်းအရာတစ်ခုခုကို မှတ်သားအသုံးပြုရန် ကြံရွယ်၍ စာဖြင့် ဖြစ်စေ၊ ဂဏန်းဖြင့်ဖြစ်စေ၊ အမှတ်အသားဖြင့်ဖြစ်စေ၊ တစ်နည်းထက်ပိုသော နည်းများဖြင့်ဖြစ်စေ အရာဝတ္ထုတစ်ခုခုပေါ်တွင် ရေးသားထားသည့် သို့မဟုတ် ဖော်ပြထားသည့် စာတမ်းအမှတ်အသား

တစ်ခုခုကို ဆိုသည်။ ယင်းစကားရပ်တွင် သေတမ်းစာ၊ တရားရုံး ဒီကရီနှင့် အမိန့်၊ သဘောတူ ချုပ်ဆိုသည့် ကတိစာချုပ်၊ ခံဝန်ချုပ်နှင့် အခြားစာတမ်းအမှတ်အသားတစ်ခုခုတို့လည်း ပါဝင်သည်။

(ဃ) **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ**ဆိုသည်မှာ ဤဥပဒေအရ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ် ရာတွင် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် စိုက်ထူနိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

(င) **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ**ဆိုသည်မှာ ဤဥပဒေအရ မြေပြင်တွင် ပိုင်းခြားသတ်မှတ်ထားသည့် နယ်နိမိတ်ကို စိစစ်ပိုင်းခြား သတ်မှတ်ပေးနိုင်ရေးအတွက် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်။

(စ) **ကြော်ငြာစာ**ဆိုသည်မှာ အများပြည်သူ သို့မဟုတ် သက်ဆိုင်သူများ သိရှိစေရန်ဖြစ်စေ၊ လိုက်နာ ဆောင်ရွက်စေရန်ဖြစ်စေ နည်းလမ်းတကျ ဆောင်ရွက်ထားသော သတင်းပေးချက် သို့မဟုတ် အကြောင်းကြားချက်ကို ဆိုသည်။

(ဆ) **အဖွဲ့အစည်း**ဆိုသည်မှာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်း၊ ကုမ္ပဏီ သို့မဟုတ် အသင်းအဖွဲ့ကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၄။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်၊

(ခ) စိုက်ထူထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို ထိခိုက်ပျက်စီးခြင်း၊ ပြောင်းလဲခြင်းမရှိစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်၊

(ဂ) တိုင်းတာပိုင်းခြား သတ်မှတ်ထားရှိသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တို့အား ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်း တစ်ခုခုကြောင့်သော်လည်းကောင်း ထိခိုက်ပျက်စီးမှု ဖြစ်ပေါ်ခဲ့ပါက တိုင်းတာခြင်း၊ သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်။

## အခန်း (၃)
## နယ်နိမိတ်များကို တိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်း

၅။ နိုင်ငံတော်၏ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတို့၏ နယ်နိမိတ်သည်လည်းကောင်း၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာတို့၏ နယ်နိမိတ်သည်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထား သည့်အတိုင်း ဖြစ်သည်။

၆။ အောက်ပါ နယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်းနှင့် ပြင်ဆင်ခြင်းများကို ဆောင်ရွက်ရာတွင် ဤဥပဒေနှင့်အညီ ဆောင်ရွက်ရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးသည့် မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများ၏ နယ်နိမိတ်များ၊

(ခ) မြို့၊ ရပ်ကွက် သို့မဟုတ် ကျေးရွာများအတွင်းရှိ ကွင်း သို့မဟုတ် အကွက်များ၏ နယ်နိမိတ်များ၊

(ဂ) ပုဒ်မခွဲ (ခ) ပါ နယ်နိမိတ်များအတွင်းရှိ ဦးပိုင်လုပ်ကွက် သို့မဟုတ် မြေကွက်များ၏ နယ်နိမိတ်များ။

## အခန်း (၄)

## နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၊ နယ်နိမိတ်သတ်မှတ်ရေးအရာရှိများ ခန့်ထားခြင်းနှင့် ယင်းတို့၏လုပ်ငန်းတာဝန်များ

၇။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များပြင်ဆင်ရန် အကြောင်းကိစ္စရပ်သော်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့များ၌ မြို့မြေ၊ ကျေးရွာမြေတိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်လျှင်သော်လည်းကောင်း မြေပြင်ကွင်းဆင်းလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည်။

(ခ) နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် အောက်ပါအကြောင်းကိစ္စများပေါ်ပေါက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးနောက် မြေပြင်ကွင်းဆင်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန်ပေးအပ်နိုင်သည် -

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခု၏ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် အကြောင်းကိစ္စပေါ်ပေါက်လာခြင်း၊

(၂) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ် သို့မဟုတ် ခရိုင်နယ်နိမိတ်များ ပြင်ဆင်ရန်အကြောင်းကိစ္စပေါ်ပေါက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံတင်ပြလာခြင်း။

(ဂ) နိုင်ငံတော်သမ္မတ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်သည် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း၌ရှိသော ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့အတွင်းရှိ မြို့မြေ၊ ကျေးရွာမြေတိုင်းတာရန် အကြောင်းကိစ္စပေါ်ပေါက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ခံတင်ပြလာပါက နယ်နိမိတ် ကြပ်မတ်ရေးအရာရှိနှင့် နယ်နိမိတ်သတ်မှတ်ရေးအရာရှိများကို ခန့်အပ်တာဝန် ပေးအပ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)၊ (ခ) သို့မဟုတ် (ဂ) အရ တာဝန်ပေးအပ်ရာတွင် -

(၁) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိအဖြစ် အရာရှိမြေတိုင်းသင်တန်း သို့မဟုတ် တန်းမြင့်မြေတိုင်းသင်တန်း တက်ရောက်အောင်မြင်ပြီးဖြစ်သည့် သက်ဆိုင်ရာမြို့နယ်၌ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူးကိုသော်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်မြို့တော် သို့မဟုတ် မန္တလေးမြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များ၌ သက်ဆိုင်ရာစည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနမှူးကိုသော်လည်းကောင်း တာဝန်ပေးအပ်ရမည်။

(၂) နယ်နိမိတ်သတ်မှတ်ရေးအရာရှိအဖြစ် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

### နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နယ်နိမိတ်ကို တိုင်းတာပိုင်းခြား သတ်မှတ်နိုင်ရေးအတွက် တာဝန်ယူဆောင်ရွက်ရမည့် မြေသို့ဝင်ရောက်၍ လိုအပ်သောအချက်အလက်များကို ရယူခြင်းနှင့် လိုအပ်သည်များကို ဆောင်ရွက်ခြင်း၊

( ခ ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းမြေနှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် မြေကိုလည်းကောင်း နယ်နိမိတ်ကို စစ်ဆေးရန်လိုအပ်ပါက ယင်းကိစ္စနှင့်သက်ဆိုင်သော မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး၏ အကူအညီဖြင့်ဆင့်ခေါ်ခြင်း၊

( ဂ ) တာဝန်ယူဆောင်ရွက်ရမည့်မြေကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရန် နယ်နိမိတ် မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်း တစ်လျှောက်တွင် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများကို ခုတ်လှဲ၊ ရိတ်သိမ်း၊ ဖယ်ရှားရန်ဖြစ်စေ၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရာတွင် လိုအပ်သည့်အကူအညီရယူရန်ဖြစ်စေ၊ သင့်လျော်သူ တစ်ဦးအား တာဝန်ပေးအပ်ရန်ဖြစ်စေ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) နယ်နိမိတ်မျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီး ဆုံးရှုံးမှု တန်ဖိုးများကို နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တွက်ချက်တင်ပြခြင်း၊

( င ) ပုဒ်မခွဲ (ဃ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုအပေါ် အဆုံးအဖြတ်ပေးနိုင်ရေး အတွက် နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြခြင်း၊

( စ ) နယ်နိမိတ်နှင့်စပ်လျဉ်း၍ သက်ဆိုင်သူများအား မှတ်တမ်း၊ အထောက်အထား သို့မဟုတ် စာချုပ် စာတမ်းများ တင်ပြရန်ရှိပါက တင်ပြစေခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေကိုလည်းကောင်း၊ ယင်းနှင့်တစ်ဆက်တစ်စပ်တည်းရှိနေသည့် မြေများကိုလည်းကောင်း ပိုင်ဆိုင်လုပ်ကိုင်နေသူ သို့မဟုတ် တစ်စုံတစ်ရာအကျိုးစီးပွားကို ခံစားခွင့် ရှိသူကိုဖြစ်စေ၊ ယင်းမြေကိုစီမံခန့်ခွဲအုပ်ချုပ်သူ သို့မဟုတ် ၎င်းနှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဖြစ်စေ သိရှိစေရန်ကြော်ငြာစာထုတ်ပြန်၍ သက်ဆိုင်သူများထံဖြန့်ဝေခြင်း သို့မဟုတ် နယ်နိမိတ်သတ်မှတ်မည့် မြေနေရာနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးတို့တွင် မြင်သာစွာကပ်ထားခြင်းတို့ကို ဆောင်ရွက်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခြင်း၊

( ဇ ) ကြော်ငြာစာပါ နေ့ရက်၊ အချိန်များတွင် တာဝန်ယူဆောင်ရွက်ရသည့်ဒေသ၏ မြေအပိုင်းအခြားကို ညွှန်ပြခြင်း၊ မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်များကို စိုက်ထူခြင်း၊ ပြုပြင်ခြင်းနှင့် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရာ၌ လိုအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ လိုအပ်သည့်အကူအညီများရယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဈ) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ မြေနယ်နိမိတ်ကို တိုင်းတာပိုင်းခြားသတ်မှတ် ပြီးနောက် မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိ လုပ်ကိုင်နေသူတို့ကိုဖြစ်စေ ညှိနှိုင်းပြီး လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်စိုက်ထူခြင်း၊

(ည) တာဝန်ယူဆောင်ရွက်ရသည့် မြေနှင့်စပ်လျဉ်း၍ ယင်းမြေကို မည်သူက လက်ရှိပိုင်ဆိုင်ကြောင်း ဆုံးဖြတ်ချက်မချနိုင်၍ မြေနယ်နိမိတ်ကို မသတ်မှတ်နိုင်လျှင် နယ်နိမိတ်သတ်မှတ်ရေးအရာရှိထံ တင်ပြအစီရင်ခံခြင်း၊

( ဋ ) မိမိသုံးသပ်ချက်နှင့် သဘောထားပါဝင်သော ဆောင်ရွက်ပြီးစီးမှု အစီရင်ခံစာကို နယ်နိမိတ် သတ်မှတ်ရေးအရာရှိမှတစ်ဆင့် မိမိအားခန့်အပ်တာဝန်ပေးသူထံတင်ပြခြင်း၊

( ဌ ) ပုဒ်မခွဲ (ဋ) အရ တင်ပြသည့် အစီရင်ခံစာတွင် နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ရန် လိုအပ်ကြောင်း မှတ်တမ်း၊ အထောက်အထား ခိုင်မာစွာတွေ့ရှိပါက ထည့်သွင်းဖော်ပြခြင်း။

**နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၉။ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့အရ နယ်နိမိတ်များ ပြင်ဆင်သတ်မှတ်ရာတွင် မြေပြင်ကွင်းဆင်း လုပ်ငန်းဆောင်ရွက်ရာ၌ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ခ) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိမှ တင်ပြလာသည့် နယ်နိမိတ်မျဉ်းကြောင်း သို့မဟုတ် အခြားမျဉ်းကြောင်းတစ်လျှောက် ရှင်းလင်းခြင်းနှင့်စပ်လျဉ်း၍ ခုတ်လှဲဖယ်ရှင်းရသည့် သစ်ပင်၊ ပန်းပင်၊ ချုံနွယ်၊ ခြံစည်းရိုး သို့မဟုတ် ပေါက်ရောက်လျက်ရှိသည့် ကောက်ပဲသီးနှံများ၏ ပျက်စီးဆုံးရှုံးမှုတန်ဖိုးများကို စိစစ်အတည်ပြု၍ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) ပါ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုများအပေါ် အဆုံးအဖြတ်ပေးခြင်းနှင့် အဆုံးအဖြတ်မပေးနိုင်သည့် ကိစ္စများကို နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြခြင်း၊

(ဃ) တာဝန်ယူဆောင်ရွက်ရမည့် မြေနှင့်စပ်လျဉ်း၍ စစ်ဆေးမေးမြန်းခြင်း စတင်ပြုလုပ်သည့်နေ့မတိုင်မီ ရက်ပေါင်း ၉၀ အတွင်း လက်ရှိလုပ်ကိုင်နေထိုင်သူတို့ကို ဥပဒေနှင့်မညီဘဲ လက်လွှတ်စေ၍ လက်ဝယ်ရယူထားကြောင်း စစ်ဆေးတွေ့ရှိရလျှင် ဥပဒေနှင့်မညီဘဲ လက်လွှတ်ဆုံးရှုံးရသူကို လက်ရှိအဖြစ်ထား၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(င) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိက ပေးပို့သော အစီရင်ခံစာကို မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်းနှင့် သဘောမတူ၍ ကန့်ကွက်ငြင်းဆိုလိုလျှင် ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ငြင်းဆိုလိုသောအချက်များကို စာဖြင့်ရေးသားဖော်ပြကန့်ကွက်နိုင်ကြောင်း သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ကြေညာစေခြင်း၊

(စ) အဆိုပါ ရက်ပေါင်း ၃၀ ကုန်ဆုံးပြီးနောက်တွင် တင်ပြလာသည့် ကန့်ကွက်လွှာများကို ငြင်းပယ်ရမည်ဖြစ်ပြီး၊ လိုအပ်ပါက ယင်းကန့်ကွက်လွှာများနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဆ) တာဝန်ယူဆောင်ရွက်ရမည့် မြေများနှင့်စပ်လျဉ်း၍ လိုအပ်သည့် အချက်အလက်များကို စစ်ဆေးမေးမြန်းရန်အတွက် ဤဥပဒေအရ အပ်နှင်းထားသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များအပြင် နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များအရပါ သက်သေတို့ကို လာရောက်စေရန် ဆင့်ခေါ်ပြီး စာချုပ်စာတမ်းများကို တင်ပြစေခြင်း၊

(ဇ) နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ တင်ပြချက်အရလည်းကောင်း၊ မိမိကိုယ်တိုင်စစ်ဆေးတွေ့ရှိချက်အရလည်းကောင်း နယ်နိမိတ်အငြင်းပွားမှုတွင် မည်သူက လက်ရှိဖြစ်ကြောင်း ဆုံးဖြတ်ချက်ချမှတ်ရန် ခိုင်လုံမှုမရှိလျှင် စစ်ဆေးမေးမြန်းချက်များအပေါ် ခြုံငုံသုံးသပ်ပြီး လက်ရှိဖြစ်သူနှင့် ညှိနှိုင်း၍ နယ်နိမိတ်သတ်မှတ်ခြင်း၊

(ဈ) တာဝန်ယူဆောင်ရွက်ရမည့် မြေနယ်နိမိတ်များနှင့်စပ်လျဉ်း၍ အငြင်းပွားမှုများဖြစ်ပေါ်ပါက နေပြည်တော်ကောင်စီ သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ထံ တင်ပြ၍ ဆုံးဖြတ်ရယူဆောင်ရွက်ခြင်း။

## အခန်း (၅)

## နယ်နိမိတ်မှတ်တိုင်များ စိုက်ထူခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၁၀။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ပြီးပါက နယ်နိမိတ်တစ်လျှောက် လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ကို မြေရှင်တို့ကိုဖြစ်စေ၊ မြေလက်ရှိလုပ်ကိုင်နေသူတို့ကိုဖြစ်စေ စိုက်ထူစေရမည်။

၁၁။ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ပြီး နယ်နိမိတ်တစ်လျှောက်လိုအပ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် စိုက်ထူပြီးသည့်အခါ နယ်နိမိတ်တိုင်းတာပိုင်းခြားသည့် လုပ်ငန်းဆောင်ရွက်မှုမှာ အပြီးအပြတ်ဖြစ်စေရမည်။

၁၂။ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိသည် နယ်နိမိတ်တစ်လျှောက် စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ကို ထိန်းသိမ်းစောင့်ရှောက်ရန် မြေရှင်များနှင့် မြေလက်ရှိလုပ်ကိုင်နေသူတို့အား သတ်မှတ်ချက်နှင့်အညီ တာဝန်ပေးအပ်ရမည်။

၁၃။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး သို့မဟုတ် မြေရှင် သို့မဟုတ် မြေတွင် လက်ရှိလုပ်ကိုင်လျက်ရှိသူသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် တစ်ခုခုကို ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း သို့မဟုတ် ပြောင်းလဲခြင်းမရှိစေရန် တားဆီးကာကွယ်ရန် တာဝန်ရှိသည်။

၁၄။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်ကို တစ်စုံတစ်ရာ ရွှေ့ပြောင်းဖယ်ရှားခံရခြင်း၊ ဖျက်ဆီးခံရခြင်း၊ ထိခိုက်ပျက်စီးစေခြင်း၊ ပျောက်ဆုံးခြင်း၊ ပြောင်းလဲခြင်းနှင့် မှတ်သားထားသည့် အမှတ်အသားတစ်ခုခုကို မထင်မရှားဖြစ်စေခြင်းပါ ကိစ္စရပ်တစ်ခုခုဖြစ်ပွားကြောင်း မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ သိရှိလျှင် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြရမည်။

၁၅။ ပုဒ်မ ၁၄ အရ တင်ပြလာသည့် ကိစ္စရပ်အပေါ် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကွင်းဆင်းစိစစ်ပြီး တွေ့ရှိချက်နှင့်တကွ ဥပဒေနှင့်အညီ အရေးယူနိုင်ရန် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးကို တာဝန်ပေးအပ်ရမည်။

၁၆။ ရာသီဥတုကြောင့်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့်သော်လည်းကောင်း မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် ထိခိုက်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်း၊ ပြင်ဆင်ရန် လိုအပ်ခြင်းများရှိလျှင် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် ပြင်ဆင်ခြင်း၊ အသစ်စိုက်ထူခြင်း ပြုလုပ်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

၁၇။ သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာ နယ်နိမိတ်အတွင်း ဤဥပဒေအရ စိုက်ထူထားသည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင် တစ်ခုခုထိခိုက်ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း သို့မဟုတ် ပြင်ဆင်ရန် လိုအပ်ခြင်းကိုသိရှိလျှင် မှတ်တိုင်အသစ်ကို မူလနေရာတွင် ပြန်လည်စိုက်ထူရန်ဖြစ်စေ၊ ပြင်ဆင်ရန်ဖြစ်စေ ဆုံးဖြတ်ချက်ချမှတ်၍ ကုန်ကျစရိတ်ငွေ ကျခံရမည့်သူကို သတ်မှတ်ရမည်။

## အခန်း (၆)
## တားမြစ်ချက်များ

၁၈။ မည်သူမျှ နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ၏ ပုဒ်မ ၈၊ ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (ခ) ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အန္တရာယ်ပြုခြင်း မပြုရ။

၁၉။ မည်သူမျှ နယ်နိမိတ်သတ်မှတ်ရေးအရာရှိ၏ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် ပုဒ်မခွဲ (ဆ) ပါ တာဝန်များ ဆောင်ရွက်ခြင်းကို တားဆီးခြင်း၊ ခြိမ်းခြောက်ခြင်း သို့မဟုတ် အန္တရာယ်ပြုခြင်း မပြုရ။

၂၀။ မည်သူမျှ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ် စိုက်ထူထားရှိပြီးဖြစ်သည့် မြေတိုင်းမှတ်တိုင် သို့မဟုတ် နယ်နိမိတ်မှတ်တိုင်တစ်ခုခုကို ခွင့်ပြုချက်မရှိဘဲ ဖယ်ရှားခြင်း၊ ရွှေ့လျားခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် မှတ်သားထားရှိသည့် အမှတ်အသားတစ်ခုခုကို မထင်မရှားဖြစ်စေခြင်း မပြုရ။

## အခန်း (၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ပုဒ်မ ၁၈ သို့မဟုတ် ပုဒ်မ ၁၉ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၂။ မည်သူမဆို ပုဒ်မ ၂၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း (၈)
## အထွေထွေ

၂၃။ မြေတိုင်းတာထားရှိပြီးဖြစ်သည့် မြို့၊ ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ ပုဂ္ဂလိက သို့မဟုတ် အဖွဲ့အစည်း တစ်ခုချင်းတို့၏ မြေနယ်နိမိတ်နှင့်စပ်လျဉ်း၍ တိုင်းတာပြင်ဆင်သတ်မှတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက် ရာတွင် သက်ဆိုင်ရာ မြေစီမံခန့်ခွဲသည့်ဌာန သို့မဟုတ် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

၂၄။ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဂ)၊ (စ)၊ (ဈ) နှင့် ပုဒ်မ ၁၀ တို့ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နယ်နိမိတ်သတ်မှတ်ရေး အရာရှိနှင့် နယ်နိမိတ်ကြပ်မတ်ရေး အရာရှိတို့ကတင်ပြလျှင် နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က လုပ်ငန်းများ စဉ်ဆက်မပြတ်စီမံဆောင်ရွက်ရန် သင့်လျော်သူ တစ်ဦးကို ဖြစ်စေ၊ အဖွဲ့ကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ ယင်းဆောင်ရွက်မှုကုန်ကျစရိတ်ကို နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ပေးရမည့် မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် တာဝန်ရှိသူတို့က ကျခံစေရမည်။

၂၅။ မြေရှင် သို့မဟုတ် မြေလက်ရှိလုပ်ကိုင်နေသူ သို့မဟုတ် တာဝန်ရှိသူက ပုဒ်မ ၂၄ အရ ကျခံရမည့် ဆောင်ရွက်မှုကုန်ကျစရိတ်ကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက မြေခွန် မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။

၂၆။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်း များကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၂၈။ The Boundaries Act (INDIA ACT V, 1880, VoL X) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော **မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ** (၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

**မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၂။)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ) နှင့် (ထ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

“(ဇ) **မှတ်ပုံတင်နည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

(ဈ) **မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

(ည) **မှတ်ပုံတင်အင်ဂျင်နီယာ**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်ရရှိထားသူကို ဆိုသည်။

(ဋ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော နည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်များကို ဆိုသည်။

(ဌ) **အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အကြီးတန်းအင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်၊ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာလက်မှတ်၊ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်များကို ဆိုသည်။

(ဍ) **မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်**ဆိုသည်မှာ ဤဥပဒေအရ အင်ဂျင်နီယာအဖြစ် ကောင်စီတွင် စာရင်းသွင်းပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူကိုလည်းကောင်း၊ ကောင်စီက အသိအမှတ်ပြုထားသော အင်ဂျင်နီယာပညာရပ်နှင့်သက်ဆိုင်သည့် ပြည်တွင်း သို့မဟုတ် ပြည်ပအဖွဲ့အစည်း၊ ဌာနတစ်ခုခုကဖြစ်စေ၊ နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံတစ်ခုခုကဖြစ်စေ ထုတ်ပေး

ထားသည့် အသိအမှတ်ပြုလက်မှတ်ရရှိထားပြီး သတ်မှတ်အရည်အချင်း ပြည့်မီသူကိုလည်းကောင်း ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။

(ထ) **မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်**ဆိုသည်မှာ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် သို့မဟုတ် အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာမှတ်ပုံတင်အင်ဂျင်နီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးထားသည့် သက်တမ်းရှိ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် လက်မှတ်ရရှိထားသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်များကို ဤဥပဒေအရ ကောင်စီက ထုတ်ပေးသော မှတ်ပုံတင်အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်။"

၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (က)၊ ပုဒ်မ ၉၊ ပုဒ်မခွဲ (ဃ)၊ (င)၊ (ဇ)၊ (ဈ)၊ ပုဒ်မ ၃၁ ခြေဆင်း၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၃၂ နှင့် ၃၈ တို့တွင်ပါရှိသော "အင်ဂျင်နီယာ" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်အင်ဂျင်နီယာ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဘွဲ့ရနည်းပညာကျွမ်းကျင်သူ" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "နည်းပညာကျွမ်းကျင်သူ" ဆိုသည့် စကားရပ်ကို "မှတ်ပုံတင်နည်းပညာ ကျွမ်းကျင်သူ" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (ဃ) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(ဃ) အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ သက်ဆိုင်ရာအဖွဲ့အစည်းများက အခါ အားလျော်စွာ ပေးအပ်သော အင်ဂျင်နီယာပညာဆိုင်ရာနှင့် နည်းပညာဆိုင်ရာ တိုင်းကျိုးပြည်ပြု လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရန်။"

၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၅၊ ၆ နှင့် ၇ တို့ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"၅။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ကောင်စီဝင် ၆၀ ဦး ပါဝင်သော မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီ ဖွဲ့စည်းနိုင်ရေးအတွက် အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ညီလာခံကို ခေါ်ယူကျင်းပရမည်။

(ခ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင် ညီလာခံတွင် သတ်မှတ် အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ အနက်မှ ၁၀ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်တာဝန် ပေးအပ်ရမည် -

(၁) အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာ အစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

(ဂ) အမျိုးသားအဆင့် မြန်မာနိုင်ငံမှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ညီလာခံတွင် သတ်မှတ် အရည်အချင်းနှင့်ပြည့်စုံသည့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန၊ အစိုးရ အဖွဲ့အစည်း၊ အင်ဂျင်နီယာနှင့် နည်းပညာသင်ကြားရေးဆိုင်ရာအစိုးရဌာန၊ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံများမှ အငြိမ်းစားမှတ်ပုံတင် အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၀ ဦးကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဃ) အမျိုးသားအဆင့် မြန်မာနိုင်ငံ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံတွင် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသည့် အောက်ဖော်ပြပါ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များအနက်မှ ၁၅ ဦးစီကို ကောင်စီဝင်များအဖြစ် သတ်မှတ်ချက်များနှင့်အညီ နာယကအဖွဲ့က ကြီးကြပ်ပြီး လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည် -

(၁) အစိုးရမဟုတ်သော အင်ဂျင်နီယာပညာရပ်ဆိုင်ရာ အဖွဲ့အစည်းများမှ မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ၊

(၂) ပြင်ပမှ ထင်ပေါ်ကျော်ကြားသော မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်များ။

၆။ ကောင်စီဝင်များသည် နာယကအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကောင်စီဝင်များထဲမှ ဥက္ကဋ္ဌ တစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး တစ်ဦး၊ အလုပ်အမှုဆောင်အဖွဲ့ ရှစ်ဦး စုစုပေါင်း ၁၅ ဦး ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးကောက်တင်မြှောက်ရမည်။

၇။ (က) ကောင်စီ၏ နာယကအဖွဲ့သည် ပုဒ်မ ၅ အရ ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရသူများနှင့် ပုဒ်မ ၆ အရ ရွေးကောက်တင်မြှောက်ခြင်းခံရသူများ၏ အမည်စာရင်းတို့ကို တာဝန်ခံဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ခ) တာဝန်ခံဝန်ကြီးဌာနသည် ပုဒ်မခွဲ (က) အရ ကောင်စီ၏ နာယကအဖွဲ့က ပေးပို့သော အမည်စာရင်းပါ ပုဂ္ဂိုလ်များပါဝင်သည့် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းရမည်။"

၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (စ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(စ) နာယကအဖွဲ့သည် လက်ရှိ ကောင်စီသက်တမ်း ကုန်ဆုံးသည့်ရက်မှ ရက်ပေါင်း ၆၀ အတွင်း တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမျိုးသားအဆင့် မှတ်ပုံတင်အင်ဂျင်နီယာပညာရှင်ညီလာခံကိုခေါ်ယူ၍ ကောင်စီအသစ်ကို ဥပဒေနှင့်အညီ ဖွဲ့စည်းပြီး တာဝန်လွှဲပြောင်းစေရမည်။"

၇။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (စ) ၏ နောက်တွင် ပုဒ်မခွဲ (စ-၁) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(စ -၁) တာဝန်ခံဝန်ကြီးဌာနနှင့် အင်ဂျင်နီယာလုပ်ငန်းနှင့်သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနတို့ ညှိနှိုင်းသတ်မှတ်ချက်အရ မှတ်ပုံတင်လက်မှတ်ထုတ်ပေးရာတွင် အကျုံးဝင်သည့် အင်ဂျင်နီယာပညာရပ်များကို အခါအားလျော်စွာ သတ်မှတ်ထုတ်ပြန်ခြင်း၊"

၈။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (ည) နှင့် (ဋ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) အင်ဂျင်နီယာပညာနှင့် နည်းပညာဆိုင်ရာ အဆင့်အတန်းမြင့်မားစေရေးအတွက် သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ခံဝန်ကြီးဌာနနှင့် အခြားအင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ အခြားအဖွဲ့အစည်းများသို့ အကြံပြုခြင်းနှင့် ကူညီခြင်း၊

(ဋ) မြန်မာနိုင်ငံအတွင်း ဆောင်ရွက်သည့် ပြည်တွင်း ပြည်ပ အတိုင်ပင်ခံအင်ဂျင်နီယာများနှင့် အင်ဂျင်နီယာနှင့် နည်းပညာဆိုင်ရာလုပ်ငန်းကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ကန်ထရိုက်တာနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ကိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများနှင့် လုပ်ငန်းအခြေခံစံနှုန်းများ ကိုက်ညီမှု ရှိ မရှိ တာဝန်ခံဝန်ကြီးဌာန၏ ခွင့်ပြုချက် သို့မဟုတ် ညွှန်ကြားချက်နှင့်အညီ စိစစ်ပြီး အင်ဂျင်နီယာလုပ်ငန်းနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာနနှင့် အစိုးရအဖွဲ့အစည်းများသို့ သဘောထားပြန်ကြားခြင်း၊"

၉။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဃ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဃ) မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းနှင့်စပ်လျဉ်း၍ သီးခြားကင်းလွတ်ခွင့်များ သတ်မှတ်ပေးခြင်းနှင့် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း၊

(ဆ) နိုင်ငံတော်အတွက် အကျိုးပြုမည့်ကိစ္စရပ်များကို နိုင်ငံတကာ၊ ဒေသဆိုင်ရာနှင့် ပြည်တွင်းပြည်ပရှိ အဖွဲ့အစည်းများ၊ အင်ဂျင်နီယာပညာရှင်၊ နည်းပညာရှင်များနှင့် ဆက်သွယ်ပူးပေါင်းဆောင်ရွက်ခြင်း၊"

၁၀။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဆ) ၏နောက်တွင် ပုဒ်မခွဲ (ဇ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

"(ဇ) ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေများကို အခါအားလျော်စွာ ပြန်လည်သုံးသပ်၍ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ လိုအပ်ပါက ပြင်ဆင်နိုင်ရေးအတွက် တာဝန်ခံဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း။"

၁၁။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ အခန်း (၉) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုး ရမည် -

**"အခန်း (၉)**

**အင်ဂျင်နီယာဆိုင်ရာ မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်းနှင့် ထုတ်ပေးခြင်း"**

၁၂။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုး ရမည် -

"(ခ) အင်ဂျင်နီယာလုပ်ငန်းများနှင့်စပ်လျဉ်း၍ အာဆီယံ အပြန်အလှန် အသိအမှတ်ပြုခြင်းဆိုင်ရာ အစီအမံအရ သတ်မှတ်ချက်များနှင့်ကိုက်ညီသော နိုင်ငံခြားသား မှတ်ပုံတင်အင်ဂျင်နီယာ ပညာရှင်ကဖြစ်စေ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံမဟုတ်သည့် နိုင်ငံများ၏ သက်ဆိုင်ရာ မှတ်ပုံတင် အင်ဂျင်နီယာ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပေးထားသည့် သက်တမ်းရှိ မှတ်ပုံတင် အင်ဂျင်နီယာပညာရှင်လက်မှတ်ရရှိထားသော နိုင်ငံခြားသားမှတ်ပုံတင်အင်ဂျင်နီယာပညာရှင်က ဖြစ်စေ မှတ်ပုံတင်ကန့်သတ်အင်ဂျင်နီယာပညာရှင်လက်မှတ်ထုတ်ပေးရန် ကောင်စီသို့ လျှောက်ထား လာပါက ကောင်စီ၏ကိုယ်စား အလုပ်အမှုဆောင်အဖွဲ့သည် လုပ်ကိုင်ခွင့်ပြုသော အင်ဂျင်နီယာ ပညာရပ်အမျိုးအစားနှင့် အဆင့်အတန်း၊ လုပ်ကိုင်ခွင့်ပြုသောနေရာဒေသ၊ လုပ်ကိုင်ခွင့်ပြုသော အချိန်ကာလနှင့် အခြားစည်းကမ်းများ သတ်မှတ်ပြီး လျှောက်ထားလာသူအား မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းစေလျက် ဤဥပဒေအရ မှတ်ပုံတင် ကန့်သတ်အင်ဂျင်နီယာပညာရှင် လက်မှတ်ကို ထုတ်ပေးနိုင်သည်။"

၁၃။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၃၄ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၄။ မည်သည့် မှတ်ပုံတင်လက်မှတ်ရရှိသူမဆို ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုသော် လည်းကောင်း၊ ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းတို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက် တစ်ရပ်ရပ်ကိုသော်လည်းကောင်း ဖောက်ဖျက်ကြောင်းတွေ့ရှိပါက အလုပ်အမှုဆောင်အဖွဲ့သည် ထိုသူအား အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကို ချမှတ် နိုင်သည် -"

၁၄။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၃၇ ပါ "မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ" ဆိုသည့်စကားရပ်ကို "မှတ်ပုံတင်လက်မှတ်မရှိဘဲသော်လည်းကောင်း၊ မှတ်ပုံတင်လက်မှတ်ရသူတစ်ဦးဦး၏ တိုက်ရိုက်ကြီးကြပ်ကွပ်ကဲမှုနှင့် ယင်း၏တာဝန်ယူမှု၊ တာဝန်ခံမှုမပါဘဲသော်လည်းကောင်း လုပ်ကိုင်ခြင်း မပြုရ" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၃၉ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၉။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင် ဘွဲ့ရနည်းပညာကျွမ်းကျင်သူ သို့မဟုတ် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူမျှ - "

၁၆။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၄၁၊ ၄၂ နှင့် ၄၃ တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၁။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာ ကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာ ကျွမ်းကျင်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၂။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရ နည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူသည် တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

၄၃။ မည်သည့်မှတ်ပုံတင်အင်ဂျင်နီယာ၊ မှတ်ပုံတင်ဘွဲ့ရနည်းပညာကျွမ်းကျင်သူနှင့် မှတ်ပုံတင် နည်းပညာကျွမ်းကျင်သူမဆို ဤဥပဒေနှင့်အညီ ထုတ်ပြန်သော တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။"

၁၇။ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေပုဒ်မ ၄၉ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၄၉။ ဤဥပဒေပြဋ္ဌာန်းသည့် နေ့ရက်မှစ၍ အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများတွင် ခန့်ထားသည့် အင်ဂျင်နီယာဘွဲ့ရရှိသူ၊ နည်းပညာကျွမ်းကျင်သူဘွဲ့ရရှိသူနှင့် နည်းပညာကျွမ်းကျင်သူ ဒီပလိုမာရရှိသူ များသည် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက် သတ်မှတ်ခွင့်ပြုချက်များနှင့်အညီ ပြင်ပအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မှတ်ပုံတင်လက်မှတ်ရရှိရေးကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ကောင်စီသို့ လျှောက်ထားရမည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂ ရက်)

### ကိုယ်ရေးအရာရှိခန့်အပ်ခြင်း

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်အမှတ်၊ ၈/၂၀၁၉ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေ ၏ ကိုယ်ရေးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန၊ ဥပဒေဘာသာပြန်ဌာနခွဲမှ ဌာနခွဲစာရေး ဦးဟန်မျိုးဝင်း [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၉/ကပတ (နိုင်) ၂၂၇၅၄၀] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၃ ရက်)

**ကိုယ်ရေးအရာရှိခန့်အပ်ခြင်း**

၁။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၈ ရက်စွဲပါ အမိန့်အမှတ်၊ ၈/၂၀၁၉ ဖြင့် ခန့်အပ်ခဲ့သော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်စိုးဝင်း ၏ ကိုယ်ရေးအရာရှိ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာတွင် ဦးသက်နိုင်ထွန်း [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၈/ပဖန (နိုင်) ၁၂၄၉၁၄] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့်အညီ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၂၉၅,၀၀၀/- ကို ခံစားခွင့်ပြုလိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၈/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးမြင့်သူရ | **အစား** | ဦးအေးငွေ |
| (၂) | အဖွဲ့ဝင် (၂) | နေရာတွင် | ဦးအေးငွေ | **အစား** | ဦးကြည်ဝင်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၄၉/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

**ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးထွန်းခင် | **အစား** | ဦးတင်ထွန်း |
| (၂) | အဖွဲ့ဝင် (၁) | နေရာတွင် | ဦးလှသိန်း | **အစား** | ဦးစံခင် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၅၀/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

| | | | | | |
|---|---|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | နေရာတွင် | ဦးထွန်းမြင့် | **အစား** | ဦးအေးသန်း |
| (၂) | အဖွဲ့ဝင် (၂) | နေရာတွင် | ဦးအေးသန်း | **အစား** | ဦးသောင်းကြည် |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ကြေညာချက်အမှတ် (၅၁/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်)

**မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့နယ်ရွေးကောက်ပွဲ

ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်နေရာ၌ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည် -

(၁) ဥက္ကဋ္ဌ နေရာတွင် ဦးနော်လ်ဘိစ် **အစား** ဦးအောင်မင်း

(၂) အဖွဲ့ဝင် (၂) နေရာတွင် ဦးအောင်မင်း **အစား** ဒေါ်နန်းဇင်မျိုးအောင်

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၅၂/ ၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၅) နေရာ၌ ဦးလှသန်း **အစား** ဦးခင်မောင်ဝင်း အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၅၃/ ၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

### မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် အဖွဲ့ဝင်တစ်ဦး အစားထိုးတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေပုဒ်မ ၁၀ (ဂ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် (၂) နေရာ၌ ဦးတင်လှ **အစား** ဦးအောင်မျို့ အား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန်ပေးအပ်လိုက်သည်။

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI)**
**အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ**
**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်)

**ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI)**
**အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီအဖြစ် အမည်ပြောင်းလဲ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၁၉ ဖြင့် ဖွဲ့စည်းခဲ့သော "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road - OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ" အား "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ" အဖြစ် နိုင်ငံတော်သမ္မတရုံးမှ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၃/၂၀၁၉ ဖြင့် အမည်ပြောင်းလဲ သတ်မှတ်ခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီကို အထောက်အကူပြုနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် လုပ်ငန်းကော်မတီအား အောက်ပါပုဂ္ဂိုလ်များဖြင့် "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းကော်မတီ" ဟု အမည်ပြောင်းလဲဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဌ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(ဍ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

(ဎ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

(ဏ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

(တ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ထ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဒ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဓ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

(န) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ပ) အမြဲတမ်းအတွင်းဝန် — အဖွဲ့ဝင်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

(ဖ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ဗ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန

(ဘ) အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ

(မ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး (၁)
နိုင်ငံရေးရာဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

(ယ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး (၂)
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန
နိုင်ငံခြားရေးဝန်ကြီးဌာန

၃။ "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI) အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီ" ၏ အဓိကလုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်သည့်ကိစ္စရပ်များကို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား အပြန်အလှန် အကျိုးရှိစွာ ဆောင်ရွက်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန်၊

(ခ) လုပ်ငန်းကော်မတီအစည်းအဝေးများကို ပုံမှန်ခေါ်ယူကျင်းပ၍ လုပ်ငန်းဆောင်ရွက်ချက်များအား သုံးသပ်ရန်၊

(ဂ) "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" နှင့်စပ်လျဉ်းသည့် မူဝါဒပိုင်းဆိုင်ရာ ညှိနှိုင်းရန်ရှိသည့်ကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်း၍ လိုအပ်ပါက ဦးဆောင်ကော်မတီသို့ တင်ပြလမ်းညွှန်မှု ခံယူရန်နှင့် ဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်များအား အကောင်အထည်ဖော်ရန်၊

(ဃ) "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" ခေါင်းစဉ်အောက်မှ ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် ပတ်သက်၍ လိုအပ်ပါက အကြံပြုချက်များ၊ လေ့လာသုံးသပ်အကဲဖြတ်မှုများကို ပညာရှင်များ၊ သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းများ၊ အကြံပေးအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေး၍ အကြံဉာဏ်များ ရယူဆောင်ရွက်သွားရန်၊

(င) "ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း" အစီအစဉ်အောက်မှ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့တွင် ကဏ္ဍစုံ၊ အလွှာစုံမှ ပူးပေါင်းဆောင်ရွက်ရန် တရုတ်နိုင်ငံဘက်မှ ကမ်းလှမ်းသည့်ကိစ္စများအား ပေါင်းစပ်ညှိနှိုင်းရန်၊

(စ) မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ခေါင်းစဉ်အောက်မှ အတွေ့အကြုံဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုမြှင့်တင်ဆောင်ရွက်သွားရန်။

၄။ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု (One Belt One Road - OBOR) နှင့်စပ်လျဉ်းသည့် အကောင်အထည်ဖော်ဆောင်ရွက်ရေး ဦးဆောင်ကော်မတီ၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၂၀၁၉ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) အောင်ဆန်းစုကြည်
ဥက္ကဋ္ဌ
ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative - BRI)
အကောင်အထည်ဖော်ဆောင်ရွက်ရေးဦးဆောင်ကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

## ဆပ်ကော်မတီများ ပြင်ဆင်ဖြည့်စွက်ဖွဲ့စည်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ **e-Government** စနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **e-Government** အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ဆပ်ကော်မတီများမှ **ကြီးကြပ်ကွပ်ကဲမှု ဆပ်ကော်မတီ** တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင် ဥက္ကဋ္ဌ **အစား** ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးသာဦး ဖြင့် ပြင်ဆင်၍ လည်းကောင်း၊ **အခြေခံ အဆောက်အဦ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်း ဆပ်ကော်မတီ** တွင် ဦးမြင့်ဆွေ (ကျွမ်းကျင်ပညာရှင်) ကို အဖွဲ့ဝင်အဖြစ် ဖြည့်စွက်၍လည်းကောင်း ဖွဲ့စည်းလိုက်သည်။

မင်းသူ
ဥက္ကဋ္ဌ
e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၈ ရက်)

**ဆပ်ကော်မတီများ ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ **e-Government** စနစ်အား ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် **e-Government** အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁၂ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ဆပ်ကော်မတီများမှ **ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ** တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန၊ ဒေါက်တာ ဆွေဆွေအောင် အဖွဲ့ဝင် **အစား** ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဥပဒေစိစစ်အကြံပြုရေးဦးစီးဌာန၊ ဒေါက်တာ ဆွေဆွေအောင် ဖြင့် ပြင်ဆင်၍လည်းကောင်း၊ **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဆပ်ကော်မတီ** တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လ/ထ ညွှန်ကြားရေးမှူး ဥပဒေအကြံပေးရေးဌာန၊ ဦးသက်လွင် အဖွဲ့ဝင် **အစား** ပြည်ထောင်စုရှေ့နေချုပ်ရုံး လ/ထ ညွှန်ကြားရေးမှူး အပြည်ပြည်ဆိုင်ရာဥပဒေနှင့် အာဆီယံဥပဒေဌာနခွဲ၊ ဦးသက်လွင် ဖြင့် ပြင်ဆင်၍လည်းကောင်း၊ **စံသတ်မှတ်ရေးဆပ်ကော်မတီ** တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လ/ထ ညွှန်ကြားရေးမှူး သတင်းအချက်အလက်နည်းပညာဌာန၊ ဒေါ်ဖြိုးဖြိုးခင် အဖွဲ့ဝင် **အစား** ပြည်ထောင်စုရှေ့နေချုပ်ရုံး ဒုတိယညွှန်ကြားရေးမှူး သတင်းအချက်အလက်နည်းပညာဌာနခွဲ၊ ဒေါ်ဖြိုးဖြိုးခင် ဖြင့် ပြင်ဆင်၍လည်းကောင်း၊ **ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဆပ်ကော်မတီ** တွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူး သတင်းအချက်အလက်နည်းပညာဌာန၊ ဒေါ်လွင်လွင်သန်း အဖွဲ့ဝင် **အစား** ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး သတင်းအချက်အလက်နည်းပညာဌာနခွဲ၊ ဦးဝင်းထွန်း ဖြင့် ပြင်ဆင်၍လည်းကောင်း ဖွဲ့စည်းလိုက်သည်။

မင်းသူ

ဥက္ကဋ္ဌ

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**နိုင်ငံခြားရေးဝန်ကြီးဌာန**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၂ ရက်)

အမှတ် ၂၁၈/၂၀၁၉ ။ ။ စင်ကာပူမြို့၊ မြန်မာသံရုံးမှ သံအမတ် ဦးဥက္ကာ အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၂၈/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစတင်၍ ချက်သမ္မတနိုင်ငံ၊ ပရာ့ဂ်မြို့တွင် ချက်သမ္မတ

နိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးကို အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၄) နေရာ၊ ဒေသခန့်ရာထူး (၉) နေရာ၊ စုစုပေါင်းရာထူး (၁၆) နေရာဖြင့် တည်ထောင်ဖွဲ့စည်းလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၂၉/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့မှစတင်၍ ကျူးဘားနိုင်ငံ၊ ဟာဗာနားမြို့တွင် ကျူးဘားသမ္မတနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံးကို အရာထမ်းရာထူး (၃) နေရာ၊ အမှုထမ်းရာထူး (၄) နေရာ၊ ဒေသခန့်ရာထူး (၉) နေရာ၊ စုစုပေါင်းရာထူး (၁၆) နေရာဖြင့် တည်ထောင်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၆/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်)

**မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၂ ခု အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုခြင်း**

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် (ကြာသပတေး) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့တွင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ၂ ခုအား အသစ်တိုးချဲ့ဖွဲ့စည်းခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၉)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲ ၂၀၅၈ ရဲမှူးကြီး တင်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့မှ ဩဂုတ်လ ၂၂ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် ၃၅/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

ပြန်ကြားရေးဝန်ကြီးဌာနသည် ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၄၅၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများဟု ခေါ်တွင်စေရမည်။

၂။ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

| | | | |
|---|---|---|---|
| (က) | ဗီဒီယိုထုတ်လုပ်ခြင်း | ကျပ် | ၁၀၀၀၀၀ |
| (ခ) | ဗီဒီယိုရိုက်ကူးခြင်း | ကျပ် | ၃၀၀၀၀ |
| (ဂ) | ဗီဒီယိုတိပ်ခွေတည်းဖြတ်ခြင်း | ကျပ် | ၂၀၀၀၀ |
| (ဃ) | ဗီဒီယိုတိပ်ခွေကူးယူခြင်း | ကျပ် | ၅၀၀၀၀ |
| (င) | ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း | ကျပ် | ၂၀၀၀၀ |
| (စ) | ဗီဒီယိုတိပ်ခွေငှားရမ်းခြင်း | ကျပ် | ၁၀၀၀၀ |
| (ဆ) | ဗီဒီယိုပြသခြင်း | ကျပ် | ၁၀၀၀၀ |

၃။ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၂၊ နည်းဥပဒေခွဲ (က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ (စ) နှင့် (ဆ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည် -

| | | | |
|---|---|---|---|
| (က) | ဗီဒီယိုထုတ်လုပ်ခြင်း | ကျပ် | ၅၀၀၀၀ |
| (ခ) | ဗီဒီယိုရိုက်ကူးခြင်း | ကျပ် | ၁၅၀၀၀ |
| (ဂ) | ဗီဒီယိုတိပ်ခွေတည်းဖြတ်ခြင်း | ကျပ် | ၁၀၀၀၀ |
| (ဃ) | ဗီဒီယိုတိပ်ခွေကူးယူခြင်း | ကျပ် | ၂၅၀၀၀ |
| (င) | ဗီဒီယိုတိပ်ခွေဖြန့်ချိခြင်း | ကျပ် | ၁၀၀၀၀ |
| (စ) | ဗီဒီယိုတိပ်ခွေငှားရမ်းခြင်း | ကျပ် | ၅၀၀၀ |
| (ဆ) | ဗီဒီယိုပြသခြင်း | ကျပ် | ၅၀၀၀ |

၄။ ဗီဒီယိုလုပ်ငန်းဆိုင်ရာ နည်းဥပဒေများ နည်းဥပဒေ ၁၃ တွင်ပါရှိသော "ကျပ် ၁၀၀၀ နှုန်း" ဆိုသည့် စကားရပ်ကို "ကျပ် ၁၀၀၀၀ နှုန်း" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၄၉၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(က) မိသားစုကြည့်ရှုရန်ဖြစ်လျှင် -

(၁) မိနစ် ၆၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၂၀၀၊

(၂) မိနစ် ၁၂၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၃၀၀၊

(၃) မိနစ် ၁၈၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၄၀၀၊

(၄) မိနစ် ၁၈၀ အထက် ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၅၀၀။

၆။ ဗီဒီယိုလုပ်ငန်းဆိုင်ရာနည်းဥပဒေများ နည်းဥပဒေ ၄၉၊ နည်းဥပဒေခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

(ခ) စီးပွားရေးအလို့ငှာ အသုံးပြုရန်ဖြစ်လျှင် -

(၁) မိနစ် ၆၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၁၀၀၀၊

(၂) မိနစ် ၁၂၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၁၅၀၀၊

(၃) မိနစ် ၁၈၀ အထိ ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၂၀၀၀၊

(၄) မိနစ် ၁၈၀ အထက် ဗီဒီယိုတိပ်ခွေ တစ်ခွေအတွက် ကျပ် ၃၀၀၀။

ဒေါက်တာဖေမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြန်ကြားရေးဝန်ကြီးဌာန။

**[ ယခင်အပတ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၁၈၊ မြန်မာနိုင်ငံလေယာဉ် နည်းဥပဒေများမှ အဆက် ]**

**မြန်မာနိုင်ငံတွင် မှတ်ပုံတင်ပြုလုပ်မထားသည့် လေယာဉ်များ**

၆၇။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်မထားသည့် လေယာဉ်သည် ထိုလေယာဉ်ကို မှတ်ပုံတင်ထားသည့် စာချုပ်ဝင်နိုင်ငံ၏ ဥပဒေများက ပြဋ္ဌာန်းထားသည့် အမှုထမ်းများကို တင်ဆောင်ရမည်ဖြစ်ပြီး ထိုအမှုထမ်း များသည်လည်း အဆိုပါ စာချုပ်ဝင်နိုင်ငံ၏ ဥပဒေများနှင့်အညီ လိုင်စင်များ ကိုင်ဆောင်ထားရမည်။

**နိုင်ငံခြားလိုင်စင်များကို တရားဝင်ပြုလုပ်ပေးခြင်း**

၆၈။ စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် ထိုနိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပေးထားပြီး တရားဝင် လျက်ရှိသည့် လိုင်စင်ကို ညွှန်ကြားရေးမှူးချုပ်သည် ၎င်းက သင့်လျော်သည်ဟု ထင်မြင်သောစည်းကမ်းချက်နှင့် ကန့်သတ်ချက်များဖြင့် သင့်လျော်သည့် ကာလများအတွက် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသည့် လေယာဉ် များကို ပျံသန်းမောင်းနှင်ရေးအတွက် ဤနည်းဥပဒေများအရ ထုတ်ပေးထားသကဲ့သို့ တူညီသော တရားဝင် ခွင့်ပြုနိုင်သည်။ ထိုသို့ တရားဝင်စေသည့်လိုင်စင်သည် နည်းဥပဒေ ၁၉ ပါ သတ်မှတ်ချက်များနှင့်အညီ တရားဝင်အတည် ဖြစ်စေရမည်။

**နိုင်ငံခြားလိုင်စင်များကို မြန်မာနိုင်ငံလိုင်စင် ပြောင်းလဲခြင်း**

၆၉။ စာချုပ်ဝင်နိုင်ငံ သို့မဟုတ် အခြားပြည်ပနိုင်ငံတစ်ခုခု၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပေး ထားပြီး တရားဝင်လျက်ရှိသည့်လိုင်စင်ကို ညွှန်ကြားရေးမှူးချုပ်သည် ၎င်းကသင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များဖြင့် သင့်လျော်သည့်ကာလအတွက် မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်များကို ပျံသန်းမောင်းနှင်ရန်အတွက် ဤနည်းဥပဒေများအရ မြန်မာနိုင်ငံက ထုတ်ပေးထားသော လိုင်စင်အဖြစ် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ပြောင်းလဲပေးသည့်လိုင်စင်သည် နည်းဥပဒေ ၁၉ ပါ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

**လိုင်စင်ကိုင်ဆောင်သူ၏ အနည်းဆုံးအသက် ကန့်သတ်ချက်**

၇၀။ ဦးစီးဌာနသည် လိုင်စင်ကိုင်ဆောင်ရန် သတ်မှတ်ထားသော အရည်အချင်းပြည့်မီပြီး လျှောက်ထားသူ၏ အနည်းဆုံးအသက်ကန့်သတ်ချက်အား အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့် သို့မဟုတ် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်နိုင်သည်။

**လိုင်စင်ကိုင်ဆောင်ရေးအတွက် အနည်းဆုံးပညာအရည်အချင်း**

၇၁။ ဦးစီးဌာနက သက်ဆိုင်ရာအမိန့်ကြော်ငြာစာ သို့မဟုတ် ညွှန်ကြားချက် သို့မဟုတ် လုပ်ထုံးလုပ်နည်းများဖြင့် သတ်မှတ်ထားသည့်ပညာအရည်အချင်း မကိုက်ညီသော မည်သူ့ကိုမဆို လိုင်စင်ထုတ်ပေးခြင်း မပြုရ။

**အခကြေးငွေ**

၇၂။ ဦးစီးဌာနသည် လိုင်စင်များ၊ အသိအမှတ်ပြုလက်မှတ်များ၊ အရည်အသွေးစံနှုန်းများ သို့မဟုတ် မူရင်းခွဲလိုင်စင်များ (duplicate licences) နှင့် နည်းဥပဒေ ၆၄ နှင့် ၆၆ တွင် ဖော်ပြထားသော စမ်းသပ်ခြင်း၊ စစ်ဆေးခြင်းများအတွက် ပေးချေရမည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာများ အခါအားလျော်စွာ ထုတ်ပြန်ပေးရမည်။

**မြေပြင်အင်ဂျင်နီယာများကို လိုင်စင်ထုတ်ပေးခြင်း**

၇၃။ (က) နည်းဥပဒေ ၁၀၄ နှင့် ၁၀၉ တို့အလို့ငှာ ညွှန်ကြားရေးမှူးချုပ်သည် သတ်မှတ်ထားသည့် လက်တွေ့အတွေ့အကြုံ၊ စာမေးပွဲများနှင့် စစ်ဆေးမှုလိုအပ်ချက်များတွင် ရေးဆွဲထုတ်ပြန်နိုင်ပြီး ဖြည့်ဆည်းနိုင်သည့်သူများကို အောက်ပါအတန်းအစားများအတိုင်း မြေပြင်အင်ဂျင်နီယာ လိုင်စင်ကို ထုတ်ပေးနိုင်သည် -

*အတန်းအစား 'A'*

*အတန်းအစား 'B1'*

*အတန်းအစား 'B2'*

*အတန်းအစား 'B3'*

*အတန်းအစား 'C'*

(ခ) **အတည်ပြုသက်သေခံလက်မှတ်** - ညွှန်ကြားရေးမှူးချုပ်မှ အသိအမှတ်ပြုလက်မှတ် ထုတ်ပြန်ပေးထားသည့် အဖွဲ့အစည်းအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးသည် လေယာဉ်၏ပျံသန်းနိုင်ခြေနှင့် သက်ဆိုင်သည့် အထူးပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များတွင် ဆောင်ရွက်ရန်ရှိပါက အဆိုပါ ပုဂ္ဂိုလ်သည် ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ရှိပြီး ဤဦးစီးဌာနမှ ပြဋ္ဌာန်းထားသည့် စာမေးပွဲများနှင့် စစ်ဆေးမှုများကိုအောင်မြင်ပါက အသိအမှတ်ပြုလက်မှတ်ကို ညွှန်ကြားရေးမှူးချုပ်မှ ထုတ်ပြန်ပေးနိုင်သည်။

(ဂ) မြေပြင်အင်ဂျင်နီယာ လိုင်စင်ထုတ်ပြန်ပေးမည့် သူတိုင်းသည် အောက်ပါလိုအပ်ချက်များနှင့် ကိုက်ညီမှုရှိရမည် -

(၁) လျှောက်ထားသူသည် အသက် ၂၁ နှစ်ထက် မငယ်ရ၊

(၂) လျှောက်ထားသူသည် သတ်မှတ်ဖော်ပြထားသည့် လိုအပ်ချက်များနှင့် ပြည့်စုံမှုရှိရမည်။

(ဃ) မြေပြင်အင်ဂျင်နီယာလိုင်စင်သည် ဖျက်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်းမရှိပါက လိုင်စင်ပါ ဖော်ပြချက်အတိုင်း သက်ဝင်ခြင်းရှိရမည်။ ယင်းသို့ သက်ဝင်ခြင်းသက်တမ်းသည် ၁ နှစ်ထက် ကျော်လွန်မှု မရှိစေဘဲ ဤဦးစီးဌာနတွင် သက်တမ်းတိုးမြှင့်ခြင်းကို ဆောင်ရွက်ရမည်။ သက်တမ်းတိုးမြှင့်ခြင်းကို လျှောက်ထားရာတွင် လွန်ခဲ့သော ၂ နှစ်အတွင်း၌ အနည်းဆုံး ၆ လ လက်တွေ့လုပ်ငန်း ဆောင်ရွက်ခဲ့ခြင်း သို့မဟုတ် ကြီးကြပ်ခဲ့ခြင်းရှိကြောင်း တင်ပြရမည်။

(င) သက်တမ်း ၂ နှစ်ထက် ကျော်လွန်သွားသော လိုင်စင်များကို သက်တမ်းပြန်လည်တိုးလိုပါက လျှောက်ထားသူသည် ဤဦးစီးဌာနမှ ပြဋ္ဌာန်းထားသည့် လိုအပ်ချက်များအတိုင်း စစ်ဆေးခြင်းကို အောင်မြင်ရမည်။

(စ) အတန်းအစားတစ်ခုချင်းအလိုက် ထုတ်ပြန်ပေးထားသည့် မြေပြင်အင်ဂျင်နီယာသည် နည်းဥပဒေခွဲ (က) ပါ လိုင်စင်အတန်းအစား တစ်ခုချင်းစီအလိုက် စွမ်းဆောင်ရည်ကျွမ်းကျင်မှု ရှိရမည်။

(ဆ) ဤနည်းဥပဒေအရ ထုတ်ပြန်ပေးထားသည့် လိုင်စင်တွင် ဖော်ပြပါရှိသည့် လေယာဉ်အမျိုးအစား သို့မဟုတ် လေယာဉ်အမျိုးအစားများ၊ လေယာဉ်စက်ခေါင်း၊ ချိန်ခွက်၊ တွဲဖက်ပစ္စည်း သို့မဟုတ် ပစ္စည်းကိရိယာများအတွက် လိုင်စင်ကိုင်ဆောင်သူ၏ ကျွမ်းကျင်မှုပေါ် မူတည်၍ မည်သည့် သီးခြားလုပ်ငန်းအမျိုးအစားဖြစ်စေ၊ ဤဦးစီးဌာနမှ မည်သည့်အချိန်မျိုးတွင်ဖြစ်စေ ကန့်သတ်ချက်ကို ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဇ) ဤနည်းဥပဒေခွဲ (က) ပါ မြေပြင်အင်ဂျင်နီယာလိုင်စင် အတန်းအစား A, B1, B2, B3 သို့မဟုတ် C ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) မြေပြင်အင်ဂျင်နီယာလိုင်စင်တွင် လိုင်စင်အတန်းအစားအလိုက် ထည့်သွင်းထားသည့် လေယာဉ်အမျိုးအစားများ၊ လေယာဉ်စက်ခေါင်း၊ လေယာဉ်စက်ကိရိယာစနစ်များအတွက် ပြုပြင်ထိန်းသိမ်းမှုများကို ထောက်ခံချက်ပေးခြင်း၊

(၂) မြေပြင်အင်ဂျင်နီယာလိုင်စင်တွင် လိုင်စင်အတန်းအစားအလိုက် ထည့်သွင်းထားသည့် လေယာဉ်အမျိုးအစားများ၊ လေယာဉ်စက်ခေါင်း၊ လေယာဉ်စက်ကိရိယာစနစ်များ၏ အစိတ်အပိုင်းများစစ်ဆေးခြင်း၊ ဤဦးစီးဌာနမှ အသိအမှတ်ပြုပြီးသည့် အသေးစားပြင်ဆင်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ ဤဦးစီးဌာနမှ အသိအမှတ်ပြုပေးထားသည့် လေယာဉ်ပြုပြင်ထိန်းသိမ်းရေးလက်စွဲအတိုင်း ပြုပြင်ထိန်းသိမ်းမှုများကို ဖြည့်သွင်းထားသည့် မှတ်တမ်းစာအုပ်တွင် ထောက်ခံချက်ပေးခြင်း။

**နိုင်ငံခြားမှ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်များကို တရားဝင်လိုင်စင်ဖြစ်အောင် ဆောင်ရွက်ပေးခြင်း**

၇၄။ စာချုပ်ဝင်နိုင်ငံတစ်ခုခုတွင် ထိုနိုင်ငံ၏ လုပ်ပိုင်ခွင့်ရှိသော အာဏာပိုင်က ထုတ်ပေးထားပြီး တရားဝင် လျက်ရှိသည့်လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်ကို ဦးစီးဌာနသည် ၎င်းက သင့်လျော်သည်ဟု ထင်မြင်သော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များဖြင့် သင့်လျော်သည့်ကာလအတွက် မြန်မာနိုင်ငံမှတ်ပုံတင် လေယာဉ်များကို ပြုပြင်ထိန်းသိမ်းခြင်း၊ ထောက်ခံချက်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အလို့ငှာ ဤနည်းဥပဒေ များအရ ထုတ်ပေးသော လိုင်စင်ကဲ့သို့ တူညီသောတရားဝင်မှုကို အပ်နှင်းနိုင်သည်။ ထို့ပြင် ထိုလိုင်စင်သည် နည်းဥပဒေ ၁၉ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားဝင်အတည် ဖြစ်စေရမည်။

**လေကြောင်းထိန်းသိမ်းရေး အမှုထမ်းများအတွက် လေကြောင်းထိန်းသိမ်းရေးလိုင်စင်လိုအပ်ချက်**

၇၅။ (က) လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများကို မြန်မာနိုင်ငံလေပိုင်နက်အတွင်းဖြစ်စေ၊ မြန်မာနိုင်ငံနယ်နိမိတ်ပြင်ပ မြန်မာနိုင်ငံ၏ လေပိုက်နက်၌ဖြစ်စေ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရ ဆောင်ရွက်ရာတွင် ဤနည်းဥပဒေများအရ ထုတ်ပေးထားသော လေကြောင်းထိန်းဝန်ထမ်း လိုင်စင်သက်တမ်းရှိသူများမဟုတ်လျှင် မည်သူမျှ လေကြောင်း ထိန်းသိမ်းရေးလုပ်ငန်းကို ဆောင်ရွက်ခြင်းမပြုရ။

(ခ) တာဝန်သတ်မှတ်ပေးထားသည့် စစ်ဘက်ဆိုင်ရာ အာဏာပိုင်သည် စစ်ဘက်အသုံးပြုရန် သတ်မှတ်ထားသည့် လေပိုက်နက်အတွင်း ပျံသန်းသည့် အရပ်ဘက်လေယာဉ်များအား စစ်ဘက်ဆိုင်ရာ လေကြောင်းထိန်းဝန်ထမ်းများက ဤအခန်းပါ ပြဋ္ဌာန်းချက်များအရ လည်းကောင်း၊ ဦးစီးဌာနက သတ်မှတ်ပေးထားသော စည်းကမ်းချက်များနှင့်အညီလည်းကောင်း လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်သည်။

၁၉၃၄ ခုနှစ်၊ မြန်မာနိုင်ငံလေယာဉ်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေမပြဋ္ဌာန်းမီက လေကြောင်း ထိန်းသိမ်းရေး ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်နေသော လေကြောင်းထိန်း ဝန်ထမ်းတစ်ဦးဦးသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင့်သုံး၍ လေကြောင်းထိန်းသိမ်းရေးလိုင်စင်ရရှိသည့် အချိန်အထိ သို့မဟုတ် ဦးစီးဌာနက သတ်မှတ်ပေးသည့် အချိန်အတိုင်းအတာကာလအထိ၊ ယင်းကာလနှစ်ရပ် အနက် စောရာကာလအထိ လေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခွင့်ရှိသည်။

**လေယာဉ်ကွင်း၌ လေကြောင်းထိန်းသိမ်းရေး ဝန်ဆောင်မှုပေးခြင်းကို ထောက်ပံ့ဖြည့်ဆည်းပေးခြင်း**

၇၆။ ဦးစီးဌာနသည် လေယာဉ်ကွင်းလုပ်ငန်းဆောင်ရွက်သူအား နည်းဥပဒေ ၅၆ တွင် ဖော်ပြထားသည့် အတိုင်း လေကြောင်းထိန်းသိမ်းရေးလုပ်ငန်း၊ လေယာဉ်ကွင်းလေကြောင်းသတင်းအချက်ပြလုပ်ငန်း သို့မဟုတ် အပြန်အလှန်ရေဒီယို ဆက်သွယ်ခြင်း သို့မဟုတ် လေယာဉ်ပျံသန်းမှုဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သည်ဟု မှတ်ယူနိုင်သည့် အခြားဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည်။

**အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်မှု လိုအပ်ချက်များ**

၇၇။ လေယာဉ်ပျံနှင့် ရဟတ်ယာဉ်လေယာဉ်မှူးများ၊ လေကြောင်းထိန်းသိမ်းရေးအရာရှိများသည် ဘာသာစကားကျွမ်းကျင်မှုအဆင့် လိုအပ်ချက်နှင့်အညီ ရေဒီယိုတယ်လီဖုန်း ဆက်သွယ်ရေးအတွက် အသုံးပြုသည့်စကားပြောနှင့် နားလည်မှုစွမ်းရည်အတွက် လက်တွေ့လေ့ကျင့် သင်ကြားရမည်။

**အခကြေးငွေနှင့် အခြားကောက်ခံမှုများ**

၇၈။ (က) အောက်ပါလိုင်စင်များအတွက် လျှောက်ထားသူသည် ၎င်း၏ လိုင်စင်သက်တမ်းတိုးခြင်း၊ တရားဝင်ဖြစ်စေခြင်းနှင့် အရည်အသွေးစံနှုန်း သတ်မှတ်ခြင်း သို့မဟုတ် မူရင်းခွဲလိုင်စင် (duplicate licence) လျှောက်ထားခြင်း၊ စမ်းသပ်ခြင်းများနှင့် စစ်ဆေးခြင်းများအတွက် အခကြေးငွေပေးဆောင်ရမည် -

(၁) လေယာဉ်ပျံသန်းရေး အမှုထမ်းလိုင်စင်၊

(၂) လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာလိုင်စင်၊

(၃) ကျန်းမာရေး ဆေးစစ်ခြင်း၊

(၄) ဘာသာရပ်အရည်အသွေး စစ်ဆေးခြင်း။

**မှတ်ချက်။** ဦးစီးဌာနသည် အခကြေးငွေများကို နည်းဥပဒေ ၇၂ တွင် ဖော်ပြချက်နှင့်အညီ အမိန့်ကြော်ငြာစာ သို့မဟုတ် အမိန့်ဖြင့် သတ်မှတ်နိုင်သည်။

(ခ) လျှောက်ထားသူသည် ဆန်းစစ်ချက်များနှင့်စပ်လျဉ်း၍ ကောက်ခံမှုများရှိပါက ပေးဆောင်ရမည်။ ထို့ပြင် အစိုးရဝန်ထမ်း စစ်ဆေးသူတစ်ဦးဦးက ဆန်းစစ်ချက်ပြုလုပ်သောကာလတွင် ပါဝင်လျှင် ဦးစီးဌာနက အမိန့်ကြော်ငြာစာ သို့မဟုတ် အသိပေးနှိုးဆော်စာ သို့မဟုတ် အမိန့်ဖြင့် သတ်မှတ်သော အခကြေးငွေကို ဆန်းစစ်ချက်တစ်ခုစီအတွက် ပေးဆောင်ရမည်။

(ဂ) အခကြေးငွေများကို ညွှန်ကြားရေးမှူးချုပ်ထံသို့ အမိန့်နှင့်အညီ ပေးဆောင်ရမည်။

**လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်း ကိုင်ဆောင်သူအတွက် အများဆုံးအသက်ကန့်သတ်ချက်**

၇၉။ မည်သူမျှ ဤအခန်းတွင်ဖော်ပြထားသော လိုင်စင်၏အထူးအခွင့်အရေးများအား အသက် ၆၀ နှစ် ပြည့်ပြီးသော လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာ သို့မဟုတ် လေကြောင်းထိန်းသိမ်းရေးအရာရှိ အဖြစ်သော်လည်းကောင်း၊ အသက် ၆၅ နှစ် ပြည့်ပြီးသော လေယာဉ်ပျံသန်းရေးအမှုထမ်းအဖြစ်သော် လည်းကောင်း ဆောင်ရွက်ခြင်း မပြုရ။

**လေကြောင်းထိန်းသိမ်းရေးလိုင်စင်၏ တရားဝင်သက်တမ်းကာလ**

၈၀။ (က) လေကြောင်းထိန်းသိမ်းရေးလိုင်စင်၏ သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ အများဆုံး ၅ နှစ်အထိ သက်တမ်းရှိပြီး ၅ နှစ် တစ်ကြိမ် နောက်ထပ် သက်တမ်းတိုးမြှင့် ပေးနိုင်သည်။

(ခ) (၁) လိုင်စင်တစ်ခု၏ တရားဝင်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှ စတင်ရေတွက် ရမည်။

(၂) တရားဝင်သက်တမ်းကို တိုးမြှင့်သည့်ကိစ္စတွင် သက်တမ်းတိုးမြှင့်ပေးသည့်နေ့ကို ထည့်သွင်းမစဉ်းစားဘဲ လွန်ခဲ့သောတရားဝင်သက်တမ်းကုန်ဆုံးပြီး နောက်နေ့မှ လိုင်စင်သက်တမ်းကို စတင်ရမည်။ သို့ရာတွင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာကို သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်ဖြစ်ပြီး သက်တမ်းတိုးရန်အတွက် လိုအပ်ချက်များအားလုံးကို လျှောက်လွှာတင်သွင်းချိန်တွင် ပြည့်စုံစွာဆောင်ရွက်ပြီး ဖြစ်ရမည်။

(၃) အခြားကိစ္စများတွင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးသည့် တရားဝင်သက်တမ်းသည် သက်တမ်းတိုးမြှင့်ပေးသည့်နေ့မှ စတင်ရမည်။

**ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထောက်ခံချက်မရှိသည့် တရားမဝင်လိုင်စင်**

၈၁။ နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) နှင့် (ဂ) အရ ထုတ်ပေးထားသော လိုင်စင်တစ်ခုသည် ကျန်းမာရေးနှင့်ပြည့်စုံကြောင်း တရားဝင်သက်တမ်းရှိသည့် ဆန်းစစ်ချက်အား ပူးတွဲတင်ပြနိုင်ခြင်းမရှိလျှင် တရားဝင်သက်တမ်းမရှိစေရ။ ထို့ပြင် ကျန်းမာရေးနှင့်ပြည့်စုံကြောင်း တရားဝင်သက်တမ်းရှိသည့် ဆန်းစစ်ချက် တင်ပြရန်ပျက်ကွက်ပါက လိုင်စင်ကိုင်ဆောင်သူသည် လိုင်စင်၏အထူးအခွင့်အရေးများကို ကျင့်သုံးဆောင်ရွက်ခြင်း မရှိစေရ။

**ကျန်းမာရေးကောင်းမွန်မှု လျော့နည်းလာခြင်း**

၈၂။ (က) နည်းဥပဒေ ၅၆၊ နည်းဥပဒေခွဲ (က) နှင့် (ဂ) တို့အရ လိုင်စင်ရရှိသူသည် -

(၁) လုပ်ငန်းဆောင်ရွက်နေသည့် ကာလအတွင်း မည်သည့်အချိန်တွင်မဆို ၎င်း၏ခန္ဓာကိုယ်အခြေအနေ ယုတ်လျော့လာသည့်အပြင် လိုင်စင်တွင်လိုအပ်သော စံသတ်မှတ်ချက်အောက် လျော့နည်းလာပြီး ကျန်းမာရေးမကောင်းမှု ဖြစ်လာသည့်အခါ ၎င်း၏လိုင်စင်နှင့် အရည်အသွေးစံနှုန်း၏ အထူးအခွင့်အရေးကို ကျင့်သုံးခြင်း မပြုရ၊

(၂) မကျန်းမာမှု သို့မဟုတ် ဒဏ်ရာရမှုကြောင့် ၎င်း၏တာဝန်ကို ရက်ပေါင်း ၂၀ ထက်ပို၍ တစ်ဆက်တည်းမလုပ်ကိုင်နိုင်သည့်အခြေအနေ သို့မဟုတ် ၎င်း၏တာဝန်ကို အပြည့်အဝ ကျွမ်းကျင်စွာမထမ်းဆောင်နိုင်သည့်အခြေအနေ ဖြစ်ပွားပြီး ကျန်းမာရေးဆေးစစ်ချက် အသစ်ပြုလုပ်ပြီးကြောင်း ကြေညာခြင်းမပြုဘဲ ၎င်း၏လိုင်စင်အရ အထူးအခွင့်အရေးကို ကျင့်သုံးခြင်းမပြုရ၊

(၃) ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏အလုပ်ရှင်ကဖြစ်စေ မကျန်းမာမှု သို့မဟုတ် ဒဏ်ရာရမှုဆိုင်ရာ အသေးစိတ်အချက်အလက်များကို ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားရမည်။

(ခ) အထက်နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၂) အရ မစွမ်းဆောင်နိုင်သူ၏ လိုင်စင်ကို ထိုလိုင်စင်ရရှိသူအား ကျန်းမာရေးဆေးစစ်ချက် အသစ်မပြုလုပ်မီ တရားမဝင်ဟု မှတ်ယူရမည်။

**အရည်အသွေးစံနှုန်းနှင့် ထပ်ဆင့်ထောက်ခံချက် တရားဝင်မှုထိန်းသိမ်းခြင်း**

၈၃။ (က) လေကြောင်းထိန်းသိမ်းရေးအရာရှိ လိုင်စင်ရရှိသူသည် အောက်ပါတို့အတွက် ကျွမ်းကျင်မှုနှင့် လတ်တလောလိုအပ်ချက်များနှင့် အရည်အသွေးစံနှုန်းများမပြည့်စုံလျှင် လိုင်စင်အပေါ် ထပ်ဆင့်ထောက်ခံထားသောလိုင်စင်နှင့် အရည်အသွေးစံနှုန်းတို့၏ အထူးအခွင့်အရေးများကို ကျင့်သုံးခြင်း မပြုရ -

(၁) အဆိုပါ လိုင်စင်ရရှိသူက ထိုသို့ဆောင်ရွက်သည့်နေရာတွင် လေကြောင်းဝန်ဆောင်မှု လုပ်ငန်းယူနစ်အတွက် တရားဝင်မှု သို့မဟုတ်

(၂) အဆိုပါ လိုင်စင်ရရှိသူက ထိုသို့ဆောင်ရွက်သည့်နေရာနှင့် ထောက်လှမ်းရေးပစ္စည်းကိရိယာ အတွက် တရားဝင်မှု။

( ခ ) အဆိုပါ လိုင်စင်ရရှိသူက လေကြောင်းထိန်းသိမ်းရေးအရာရှိအဖြစ် သီးခြားယူနစ်တစ်ခုတွင် ဆောင်ရွက်မှုရပ်စဲလျှင်ပင် ထိုသူသည် ဦးစီးဌာနကသတ်မှတ်သည့် ယခင်ကလိုအပ်ချက်များဖြင့် ၎င်း၏အရည်အသွေးစံနှုန်းကို ထိန်းသိမ်းထားနိုင်သည်။

**လိုင်စင်ရရှိသူက လေကြောင်းထိန်းဝန်ဆောင်မှုလုပ်ငန်း ယူနစ်ပြောင်းလဲမှု အကြောင်းကြားရန် တာဝန်**

၈၄။ လေကြောင်းထိန်းဝန်ဆောင်မှုလုပ်ငန်း ယူနစ်တစ်ခုအတွက် အရည်အသွေးစံနှုန်းတရားဝင်မှုရပ်စဲသည့်အခါ လိုင်စင်ကိုင်ဆောင်သူသည် လေကြောင်းထိန်း ဝန်ဆောင်မှုပေးသည့်နေရာရှိ ကြီးကြပ်သူထံသို့ ချက်ချင်းအကြောင်းကြားရမည့်အပြင် အဆိုပါ အရည်အသွေးစံနှုန်းကို ပြန်လည်တရားဝင်မှုပြုသည်အထိ ထိုယူနစ်တွင် လုပ်ငန်းဆောင်ရွက်ခြင်း မပြုရ။

**လေကြောင်းထိန်းသိမ်းရေးလိုင်စင်အတွက် လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းကုန်ဆုံး၍ သက်တမ်းတိုးမြှင့်ခြင်း**

၈၅။ လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းသတ်မှတ်ချက်များ သက်တမ်းကုန်ဆုံးသည့်ရက်တွင် သက်တမ်းတိုးရန် လျှောက်ထားပါက ထိုလိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းသတ်မှတ်ချက်များအား ပြည့်မီခြင်း ရှိ မရှိ စစ်ဆေးရန်အတွက် လျှောက်ထားသူသည် ဦးစီးဌာနက သတ်မှတ်ထားသော လုပ်ငန်းခွင်သင်တန်းများ တက်ရောက်ခြင်း၊ ကျွမ်းကျင်မှုစာမေးပွဲနှင့် အရည်အသွေးဆန်းစစ်ခြင်းများကို အောင်မြင်ရမည်။

**လေကြောင်းထိန်းသိမ်းရေးအရာရှိအတွက် ကျွမ်းကျင်မှုအထောက်အထား**

၈၆။ (က) လိုင်စင်တစ်ခုခုထုတ်ပေးရန်နှင့် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားသူသည် ရရှိထားသော ကျွမ်းကျင်မှု သက်သေခံအထောက်အထားနှင့် ဦးစီးဌာနက လိုင်စင် သို့မဟုတ် အရည်အသွေးစံနှုန်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စမ်းသပ်မှုနှင့် စာမေးပွဲတို့ကို ကျေနပ်ဖွယ်ရာရှိကြောင်း အောင်လက်မှတ်တို့ကို တင်ပြရမည်။

( ခ ) ညွှန်ကြားရေးမှူးချုပ်သည် တပ်မတော် (လေ) မှ အရည်အချင်းပြည့်စုံသော လေကြောင်းထိန်းသိမ်းရေး တပ်မတော်အရာရှိက လိုအပ်သော စာမေးပွဲတစ်ရပ်ရပ်၊ ကျန်းမာရေးစစ်ဆေးချက် သို့မဟုတ် အခြားနည်းပညာဆိုင်ရာ စာမေးပွဲအောင်လက်မှတ်တို့ကို ဤနည်းဥပဒေများအရ လိုအပ်သည့် ကျေနပ်ဖွယ်ရာ အတွေ့အကြုံ၊ ကျွမ်းကျင်မှုနှင့် ကိုယ်ခန္ဓာကြံ့ခိုင်မှုအထောက်အထားများရှိပါက ထိုသူအား ကင်းလွတ်ခွင့်ပေးနိုင်သည်။

( ဂ ) ဦးစီးဌာနသည် သင်ရိုးညွှန်းတမ်းစာမေးပွဲတွင် အဆိုပါ လျှောက်ထားသူအား သီးခြားစည်းမျဉ်းဥပဒေများအရ လိုအပ်သော စာမေးပွဲအောင်လက်မှတ်များ ရယူတင်ပြစေခြင်းမှ ကင်းလွတ်ခွင့်ပေးရေးအတွက် ထိုစာမေးပွဲနှင့် တူညီသောစာမေးပွဲကို သတ်မှတ်နိုင်သည်။

(ဃ) ဦးစီးဌာနသည် စာမေးပွဲဖြေသူ၊ လျှောက်ထားသူ သို့မဟုတ် သင်တန်းပေးသည့် အဖွဲ့အစည်းအား သင်တန်းပြီးဆုံးကြောင်း၊ သင်တန်းတည်ထောင်ဖွင့်လှစ်ထားကြောင်း အထောက်အထားနှင့် စပ်လျဉ်း၍ စာမေးပွဲအတွက် သင်ရိုးညွှန်းတမ်းများ၊ သက်သေခံလက်မှတ်များ၊ အမှတ်စာရင်းများ၊ အလုပ်ခွင်သင်တန်းဆင်း အစီရင်ခံစာများနှင့် ဆန်းစစ်ချက်များ စသည်တို့အပါအဝင် သက်ဆိုင်ရာ သင်တန်းပို့ချမှု အထောက်အထားများ တင်ပြရန်တောင်းဆိုနိုင်သည်။

**လေကြောင်းထိန်းသိမ်းရေးအရာရှိအတွက် စမ်းသပ်ခြင်း၊ ဆန်းစစ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်း**

၈၇။ (က) ဦးစီးဌာနသည် စည်းမျဉ်းများအရ ဦးစီးဌာနက သတ်မှတ်သော ဗဟုသုတကျွမ်းကျင်မှုအဆင့် စမ်းသပ်ရန်စာမေးပွဲကျင်းပခြင်း၊ မြန်မာနိုင်ငံအတွင်း စာစစ်ဌာနများသတ်မှတ်ခြင်း၊ စာမေးပွဲကြီးကြပ်သူများ ခန့်အပ်ခြင်းနှင့် စာမေးပွဲကျင်းပခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း ပြုနိုင်သည်။

( ခ ) ဦးစီးဌာနသည် လိုင်စင်များနှင့် သတ်မှတ်အရည်အသွေးစံနှုန်းများ ထုတ်ပေးရေးအတွက် အသေးစိတ်စာမေးပွဲ သင်ရိုးမာတိကာများ သတ်မှတ်ထားရမည်။

(ဂ) (၁) ညွှန်ကြားရေးမှူးချုပ်သည် စာမေးပွဲများကျင်းပရေးနှင့် ဆန်းစစ်ရေးအတွက် စာမေးပွဲကြီးကြပ်သူများကို ခန့်အပ်တာဝန်ပေးနိုင်သည်။ ထို့ပြင် နှုတ်ဖြေစာမေးပွဲများနှင့် ဆန်းစစ်ချက်များအတွက် လိုအပ်ပါက ဘုတ်အဖွဲ့ကိုလည်း ဖွဲ့စည်းနိုင်သည်။

(၂) စာမေးပွဲကြီးကြပ်သူများကို ဦးစီးဌာနက သတ်မှတ်သည့် အရည်အသွေးစံနှုန်းကို အခြေခံ၍ ရွေးချယ်ရမည်။ ထို့ပြင် လိုင်စင်ထုတ်ပေးခြင်း၊ သက်တမ်းတိုးခြင်း သို့မဟုတ် လိုင်စင်အပေါ် အရည်အသွေးစံနှုန်း ထောက်ခံချက်နှင့်စပ်လျဉ်း၍ စာမေးပွဲကျင်းပခြင်းနှင့် ဆန်းစစ်ခြင်းအတွက် အစီရင်ခံစာကို လိုင်စင်ထုတ်ပေးသည့် အာဏာပိုင်သို့ တင်ပြရမည်။

(ဃ) ဦးစီးဌာနသည် အကဲဖြတ်ဆန်းစစ်ချက်ကျင်းပရေး နည်းလမ်းများကို သတ်မှတ်နိုင်သည့်အပြင် ကျွမ်းကျင်မှု စစ်ဆေးချက်များကိုလည်း ဆောင်ရွက်ရမည်။

(င) ဦးစီးဌာနသည် အကဲဖြတ်ဆန်းစစ်ချက် သို့မဟုတ် စာမေးပွဲ ကျင်းပနေသည့်အချိန်အတွင်း ဖြေဆိုသူတစ်ဦးက မသင့်လျော်မမျှတသော ပြုလုပ်မှုကို ပြုလုပ်သည်ဟု ထင်မြင်လျှင် ထိုသူအား ခေတ္တဖြစ်စေ၊ ရာသက်ပန်ဖြစ်စေ အကဲဖြတ်ဆန်းစစ်ချက် သို့မဟုတ် စာမေးပွဲတွင် ဖြေဆိုခြင်းမှ ပိတ်ပင်နိုင်သည်။

(စ) (၁) ဦးစီးဌာနသည် စာမေးပွဲ သို့မဟုတ် အကဲဖြတ်ဆန်းစစ်ချက်ကို ကျေနပ်ဖွယ်ရာမရှိဟု ထင်မြင်လျှင် အခွင့်အာဏာရှိသူ သို့မဟုတ် ဘုတ်အဖွဲ့ကကျင်းပသည့် စာမေးပွဲအား ပျက်ပြယ်ကြောင်း ကြေညာနိုင်ပြီး အခြားအခွင့်အာဏာရှိသူ သို့မဟုတ် ဘုတ်အဖွဲ့က စာမေးပွဲ သို့မဟုတ် ဆန်းစစ်ချက်ကို ပြန်လည်ကျင်းပရန် တောင်းဆိုနိုင်သည်။

(၂) ညွှန်ကြားရေးမှူးချုပ်သည် အဆိုပါ အခွင့်အာဏာရှိသူ သို့မဟုတ် ဘုတ်အဖွဲ့ကို သင့်တော်သည်ဟု ယူဆသည့်အတိုင်း ဖွဲ့စည်းနိုင်သည်။

**လေကြောင်းဝန်ဆောင်မှု ယူနစ်များတွင် ရေဒီယိုအမည်နာမသင်္ကေတများ အသုံးပြုခြင်း**

၈၈။ အပြန်အလှန်ရေဒီယိုဆက်သွယ်ရေး လိုင်စင်ကိုင်ဆောင်သူသည် သတ်မှတ်ပေးထားသော ရေဒီယိုအမည်နာမ သင်္ကေတမှအပ အခြားသော ရေဒီယိုအမည် နာမသင်္ကေတအား အသုံးပြုခြင်း သို့မဟုတ် အခြားသူများအား အသုံးပြုရန် ခွင့်ပြုခြင်း မပြုရ။

**စောင့်ကြည့်သည့် တာဝန်ချိန် ကန့်သတ်ချက်များ**

၈၉။ ဤအခန်းအရ ထုတ်ပေးထားသော လိုင်စင်ကိုင်ဆောင်သူသည် ဦးစီးဌာနက သတ်မှတ်ထားသော စောင့်ကြည့်တာဝန်ချိန် ကန့်သတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း (၆)

## ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု

**ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေစံချိန်စံညွှန်းများ**

၉၀။ မြန်မာနိုင်ငံသို့ တင်သွင်းမည့် လေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအတွက် ဥရောပလေကြောင်း အာဏာပိုင်အဖွဲ့ သို့မဟုတ် အမေရိကန်လေကြောင်းအာဏာပိုင်အဖွဲ့တို့မှ ထုတ်ပြန်ပေးထားသည့် လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်အား ဦးစီးဌာနက လက်ခံသည်။

သို့ရာတွင် -

(က) ဦးစီးဌာနက ပြဋ္ဌာန်းထားသည့် လေယာဉ်များ ဘေးကင်းစွာ ပျံသန်းနိုင်မှုအခြေအနေအတွက် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီရမည်။

(ခ) တင်သွင်းမည့် ပစ္စည်းသည် လေကြောင်းဆိုင်ရာ အသုံးပြုရန် သင့်လျော်ကြောင်းဖော်ပြသည့် နည်းပညာအချက်အလက်နှင့် စာရွက်စာတမ်းများကို ဦးစီးဌာန၏ သတ်မှတ်ပြဋ္ဌာန်းချက်အရ လျှောက်ထားသူက ဖြည့်ဆည်းပေးရမည်။

ထို့ပြင် ဦးစီးဌာနက အမိန့်ကြော်ငြာစာ ရေးသားထုတ်ပြန်၍ အမိန့်ကြော်ငြာစာတွင် သတ်မှတ်ဖော်ပြချက်များအရ လေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများကို ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

**လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ် - လေယာဉ်အမျိုးအစားများ**

၉၁။ လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ကို လေယာဉ်အုပ်စုအလိုက် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အမျိုးအစားများခွဲခြား၍ သတ်မှတ်လက်ခံနိုင်သည်။ လေယာဉ်အသုံးပြုခြင်းကို လေယာဉ်အမျိုးအစားအသိအမှတ်ပြု လက်မှတ်တွင် ခွင့်ပြုထားသည့်အတိုင်း ကန့်သတ်ထားရမည်။

**လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီရပ်ဆိုင်းခြင်း**

၉၂။ ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများတွင် ချို့ယွင်းချက်တစ်ခုခုကြောင့် လေယာဉ်၏ဘေးကင်းလုံခြုံမှုကို ထိခိုက်စေသည်ဟု လုံလောက်သောအကြောင်းခြင်းရာရှိပါက ယင်းလေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများအတွက် လက်ခံထားသည့် လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ကို ကိစ္စရပ်အလိုက် ပယ်ဖျက်ခြင်း သို့မဟုတ် ယာယီဆိုင်းငံ့ခြင်းကို သော်လည်းကောင်း၊ လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ်ကို ဆက်လက်သက်ဝင်စေရန် ယင်းချို့ယွင်းချက်အတွက် လိုအပ်သည့်ပြုပြင်မွမ်းမံမှုများက ဆောင်ရွက်စေခြင်းသော်လည်းကောင်း ပြုလုပ်နိုင်သည်။

**လေယာဉ်အသံနှင့်သက်ဆိုင်သည့် လက်မှတ်**

၉၃။ (က) လေယာဉ်ပိုင်ရှင်သည် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်နှင့်အတူ လေယာဉ်အသံနှင့်သက်ဆိုင်သည့် လက်မှတ်ကို လျှောက်ထားရယူရမည်။

(ခ) ညွှန်ကြားရေးမှူးချုပ်ထံမှ စာဖြင့်ရေးသားခွင့်ပြုချက်မရရှိပါက ဤနည်းဥပဒေခွဲ (က) ပါ သတ်မှတ်ချက်အရ လေယာဉ်အသံနှင့် သက်ဆိုင်သည့်လက်မှတ်မရှိသော သို့မဟုတ် အပြည်ပြည်ဆိုင်ရာ မြို့ပြလေကြောင်းအဖွဲ့ချုပ်၏ နောက်ဆက်တွဲ အမှတ် ၁၆၊ အတွဲ ၁ ပါ လေယာဉ်အသံနှင့်စပ်လျဉ်းသည့် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုမရှိသော မည်သည့်လေယာဉ်ကိုမျှ ပျံသန်းမောင်းနှင်ခြင်း မရှိစေရ။

(ဂ) ဤနည်းဥပဒေခွဲ (က) နှင့် (ခ) တို့အလို့ငှာ အသံနှင့်သက်ဆိုင်သည့် လက်မှတ်အတွက် သတ်မှတ်ချက်များသည် ဦးစီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

**လေယာဉ်အင်ဂျင်မှ ထုတ်လွှတ်ခြင်း**

၉၄။ ဦးစီးဌာနသည် လေယာဉ်အင်ဂျင်မှ ထုတ်လွှတ်ခြင်းဆိုင်ရာ လိုအပ်ချက် လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်သည်။

**ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်**

၉၅။ (က) လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်းဆောင်ရွက်သူသည် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်ကို ထုတ်ပြန်ပေးရန် သို့မဟုတ် သက်တမ်းတိုးမြှင့်ပေးရန် သို့မဟုတ် အခြားစာချုပ်ဝင်နိုင်ငံတစ်ခုခုမှ ထုတ်ပြန်ထားသော အသိအမှတ်ပြုလက်မှတ်အား တရားဝင်စေရန် ဦးစီးဌာနသို့ လျှောက်ထားနိုင်သည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ထုတ်ပြန်ခြင်း သို့မဟုတ် သက်တမ်းတိုးမြှင့်ခြင်းကို အောက်ပါအကြောင်းအချက်များနှင့် ညီညွတ်လျှင် ဆောင်ရွက်နိုင်သည် -

(၁) လျှောက်ထားသူသည် ဦးစီးဌာနက အထူး သို့မဟုတ် အထွေထွေအမိန့်နှင့် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သည့် စာရွက်စာတမ်းများနှင့် အထောက်အထားများကို တင်ပြလျှောက်ထားလာခြင်း၊

(၂) လေယာဉ်သည် ဝေဟင်တွင်စိတ်ချစွာ ပျံသန်းနိုင်ကြောင်း ညွှန်ကြားရေးမှူးချုပ်က ကျေနပ်မှု ရှိခြင်း။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် တင်သွင်းလာသည့် လေယာဉ်တစ်မျိုးမျိုးနှင့်ပတ်သက်၍ အခြား စာချုပ်ဝင်နိုင်ငံတစ်ခုမှ ထုတ်ပေးထားသော ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်ကို အောက်ပါအချက်များနှင့် ကိုက်ညီလျှင် ဆက်လက်၍ တရားဝင်စေရန် အတည်ပြုပေးနိုင်သည်-

(၁) လေယာဉ်တင်ပို့သည့် စာချုပ်ဝင်နိုင်ငံ၏ လေကြောင်းအာဏာပိုင်အဖွဲ့မှ အဆိုပါ လေယာဉ် အတွက် လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ် သို့မဟုတ် အလားတူ စာရွက်စာတမ်းကို ထုတ်ပြန်ပေးထားခြင်း၊

(၂) ဦးစီးဌာနက ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ရေးအတွက် ချမှတ်ထားသော လိုအပ်ချက် များကို လိုက်နာဆောင်ရွက်ထားမှုရှိခြင်း၊

(၃) လျှောက်ထားသူသည် ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ လိုအပ်သည့် နည်းပညာ ဆိုင်ရာ အချက်အလက်နှင့် စာတမ်းအမှတ်အသားများကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း။

(ဃ) ညွှန်ကြားရေးမှူးချုပ်သည် တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော လေယာဉ်အသုံးပြုမှုဆိုင်ရာ အတန်းအစားအလိုက် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်ကို သတ်မှတ်ထား ချက်များနှင့်အညီ ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ပေးခြင်း သို့မဟုတ် အတည်ပြုချက် ပေးခြင်းများ ပြုလုပ်ပေးနိုင်သည်။ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်တွင် ကန့်သတ်ချက်အတိုင်း လေယာဉ်ကိုပျံသန်းအသုံးပြုရမည်။

(င) ဤနည်းဥပဒေများနှင့်အညီ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း အသိအမှတ်ပြု လက်မှတ်သည် ထိုအသိအမှတ်ပြုလက်မှတ်တွင် ဖော်ပြထားသောနေ့မှ တစ်နှစ်အထိဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ကာလအတိုင်း အခါအားလျော်စွာ သက်တမ်းတိုးမြှင့် ပေးနိုင်သည်။ ထို့အပြင် ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်အားစစ်ဆေးခြင်း သို့မဟုတ် ပျံသန်း မှုအား စမ်းသပ်စစ်ဆေးခြင်းပြုရန်အလို့ငှာ ညွှန်ကြားရေးမှူးချုပ်၏ အခွင့်အာဏာအပ်နှင်း ထားသူတစ်ဦးက လေယာဉ်အား စစ်ဆေးရမည် သို့မဟုတ် ပျံသန်းမှုကို စစ်ဆေးရမည်။ လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်လုပ်ငန်းဆောင်ရွက်သူသည် အဆိုပါ စစ်ဆေးခြင်း၊ စမ်းသပ်ခြင်းအတွက် လိုအပ်ချက်အားလုံးကို ထောက်ပံ့အကူအညီပေးရမည်။

**အလေးချိန်**

၉၆။ ဤနည်းဥပဒေများအရ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှု အခြေအနေရှိကြောင်း သတ်မှတ်ဖော်ပြရန် လိုအပ်သည့် လေယာဉ်တိုင်းသည် ဦးစီးဌာနမှ သတ်မှတ်ပြဋ္ဌာန်းချက်နှင့်အညီ အလေးချိန် ချိန်တွယ်ရမည်။

**လေယာဉ် အတန်းအစားများ**

၉၇။ လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်ကို ဦးစီးဌာနက သတ်မှတ်ထားသော တစ်မျိုး သို့မဟုတ် တစ်မျိုးထက်ပိုသော အတန်းအစားအဖြစ် ထုတ်ပြန်နိုင်သည်။ လေယာဉ်ပျံသန်းဆောင်ရွက် ခြင်းများအား လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်တွင် ကန့်သတ်ခွင့်ပြုထားသည့် အတန်းအစားအလိုက် ဆောင်ရွက်ရမည်။

**ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်း**

၉၈။ (က) ညွှန်ကြားရေးမှူးချုပ်၏ ကြိုတင်သဘောတူညီချက်မရရှိလျှင် သို့မဟုတ် ဤနည်းဥပဒေများအရ ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်ရန် လိုအပ်ခြင်းမရှိလျှင် ပုဂ္ဂိုလ်တစ်ဦးသည် ဝေဟင်တွင် စိတ်ချစွာ ပျံသန်းနိုင်ကြောင်းလက်မှတ် အတည်ဖြစ်နေသော လေယာဉ်နှင့်စပ်လျဉ်း၍ လုံခြုံစိတ်ချရမှုကို ထိခိုက်စေသော ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ခြင်း မပြုရ။

(ခ) (၁) ဦးစီးဌာနက အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် လေယာဉ်နှင့် လေယာဉ်၏ အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းများကို ထုတ်လုပ်သူက ပြုပြင်မွမ်းမံခြင်းကို ဥရောပ လေကြောင်းဘေးအန္တရာယ်ကင်းရှင်းရေးအာဏာပိုင်အဖွဲ့ သို့မဟုတ် ဖက်ဒရယ် လေကြောင်းအာဏာပိုင်အဖွဲ့ (European Avaiation Safety Agency or Federal Aviation Administration) က အတည်ပြုပြီးဖြစ်လျှင် အဆိုပါ ပြုပြင်မွမ်းမံခြင်းကို အတည်ပြုသော ပြုပြင်မွမ်းမံခြင်းအဖြစ် မှတ်ယူနိုင်သည်။

(၂) ဦးစီးဌာနက အခြားနည်းဖြင့် သတ်မှတ်ဖော်ပြထားခြင်းမရှိလျှင် ဥရောပလေကြောင်း ဘေးအန္တရာယ်ကင်းရှင်းရေးအာဏာပိုင်အဖွဲ့ သို့မဟုတ် ဖက်ဒရယ်လေကြောင်း အာဏာပိုင်အဖွဲ့တို့ထံမှ လေယာဉ်အမျိုးအစား အသိအမှတ်ပြုလက်မှတ် ရရှိထားသော လေယာဉ်နှင့် လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သူက လေယာဉ်နှင့်ပတ်သက်သော အင်ဂျင်နီယာ သတ်မှတ်စံနှုန်းများအရ ထုတ်ပေးသည့် ပြင်ဆင်မည့် ဒီဇိုင်းပုံစံကို ဦးစီးဌာနက အတည်ပြုသော ပြင်ဆင်မည့် ဒီဇိုင်းပုံစံအဖြစ် မှတ်ယူနိုင်သည်။

(ဂ) ညွှန်ကြားရေးမှူးချုပ်သည် နည်းဥပဒေခွဲ (ခ) တွင် ရည်ညွှန်းထားသည့် ပြုပြင်မွမ်းမံခြင်းနှင့် ပြင်ဆင်မည့်ဒီဇိုင်းပုံစံမှအပ လေယာဉ်နှင့် လေယာဉ်၏ အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်သူက လေယာဉ်နှင့်သက်ဆိုင်သော အင်ဂျင်နီယာ သတ်မှတ်စံနှုန်းများနှင့်အညီ ထုတ်ပြန်ပေးသော ပြင်ဆင်မည့် ဒီဇိုင်းပုံစံ သို့မဟုတ် ပြုပြင်မွမ်းမံခြင်းကို အတည်ပြုချက်ပေးနိုင်သည်။

(ဃ) လေယာဉ်တစ်စီးအတွက် သို့မဟုတ် လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းတစ်ခုခု အတွက် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသော ပြုပြင်မွမ်းမံခြင်းကို အတည်ပြု ထားသည့် အမျိုးအစားတွင် ဖော်ပြထားသော အခြားသောအမျိုးအစားတူ လေယာဉ် သို့မဟုတ် လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများတွင် ထည့်သွင်းဆောင်ရွက်နိုင်သည်။

(င) (၁) လေယာဉ်အား အကြီးစားထိခိုက်ပျက်စီးမှု သို့မဟုတ် အကြီးစားချို့ယွင်းမှုဖြစ်ပွား ပြီးနောက် ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြင်ဆင်ပြီးစဉ်တွင် ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ ဤကိစ္စအလို့ငှာ လေယာဉ်ကိုစစ်ဆေးခြင်း သို့မဟုတ် လက်တွေ့ ပျံသန်းစစ်ဆေးခြင်းအတွက် ပျံသန်းရန် သင့်လျော်ကြောင်းကို သက်ဆိုင်ရာ အာဏာ အပ်နှင်းခြင်းခံရသူ သို့မဟုတ် လိုင်စင်ရအင်ဂျင်နီယာအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းမပြုမီအချိန်ထိ ပျံသန်းခြင်း မပြုရ။

(၂) လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းအား ပြုပြင်မွမ်းမံပြီး သို့မဟုတ် ပြင်ဆင် ပြီးစဉ်တွင် ဦးစီးဌာနက သတ်မှတ်ထားသည့် လေယာဉ်ကိုစစ်ဆေးခြင်းအတွက် သက်ဆိုင်ရာလိုင်စင်ရ အင်ဂျင်နီယာ သို့မဟုတ် အာဏာအပ်နှင်းခြင်းခံရသူအား အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းမပြုမီအချိန်ထိ လေယာဉ်တွင် တပ်ဆင် အသုံးပြုခြင်း မရှိစေရ။

(စ) အထက်ပါ နည်းဥပဒေခွဲများနှင့်အညီ ထိန်းသိမ်းမှုတို့တွင် ရည်ညွှန်းထားသည့် အသိအမှတ်ပြု လက်မှတ်များနှင့် ထိုလက်မှတ်မိတ္တူများ၏ ပုံစံနှင့် ဖြန့်ဝေခြင်းများကို ဦးစီးဌာနက သတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရမည်။

(ဆ) ထုတ်လုပ်သူများကို ခွင့်ပြုထားသော အဆိုပါ ဒီဇိုင်းများ၊ ရေးဆွဲပုံများ၊ သတ်မှတ်ချက်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်ကိုက်ညီသော ပစ္စည်းများ၊ အစိတ်အပိုင်းများ၊ နည်းလမ်း များနှင့် မကိုက်ညီလျှင်သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၏ သတ်မှတ်ချက်များ သို့မဟုတ် အတည်ပြုချက်များနှင့် မကိုက်ညီလျှင်သော်လည်းကောင်း အထက်ပါ နည်းဥပဒေ

ခွဲများအရ အသိအမှတ်ပြုလက်မှတ်ကို ထုတ်မပေးရ။ နည်းလမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များသည် လေယာဉ်နှင့်သက်ဆိုင်သော သတ်မှတ်စံနှုန်းများနှင့်အညီ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့်အတိုင်း ဖြစ်စေရမည်။

**လေယာဉ်၏ပစ္စည်းများ၊ လုပ်ငန်းစဉ်များ၊ အစိတ်အပိုင်းများ အသုံးပြုခြင်းနှင့် ပုံမှန်အလုံးစုံ ပြုပြင်ထိန်းသိမ်းခြင်း**

၉၉။ (က) အတည်ပြုထားသော ပြုပြင်ထိန်းသိမ်းမှုစာတမ်းနှင့် အတည်ပြုထားသော ပြုပြင်ထိန်းသိမ်းမှုစနစ်တို့နှင့်အညီ သတ်မှတ်ပျံသန်းချိန်၊ လုပ်ငန်းစဉ်အချိန် သို့မဟုတ် အခြားသတ်မှတ်ထားသော စည်းကမ်းချက်များအပေါ် အခြေခံ၍ လုပ်ငန်းများဆောင်ရွက်ပြီးစီးသည့်အခါ ဤနည်းဥပဒေများအရ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ထုတ်ပေးရန် လိုအပ်သော လေယာဉ်တိုင်းနှင့် ထိုလေယာဉ်၏ အစိတ်အပိုင်းနှင့် ပစ္စည်းကိရိယာတိုင်းကို ပုံမှန်စစ်ဆေးကြည့်ရှုခြင်း၊ အလုံးစုံပြုပြင်ထိန်းသိမ်းခြင်းနှင့် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးခြင်းတို့ကို ပြုလုပ်ရမည်။ ထိုသို့ စစ်ဆေးကြည့်ရှုခြင်းနှင့် အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းတို့ကို သက်ဆိုင်ရာ လိုင်စင်ရ အင်ဂျင်နီယာများကဖြစ်စေ၊ အခွင့်အာဏာ အပ်နှင်းထားခြင်းခံရသည့် ပုဂ္ဂိုလ်များကဖြစ်စေ ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ပစ္စည်းကိရိယာများ၊ လုပ်ငန်းစဉ်များ၊ အစိတ်အပိုင်းများ သို့မဟုတ် နည်းလမ်းများသည် ထုတ်လုပ်သူများက ထုတ်ပြန်ထားသော အဆိုပါ ဒီဇိုင်းများ၊ ရေးဆွဲပုံများ၊ သတ်မှတ်ချက်များ သို့မဟုတ် ညွှန်ကြားချက်များနှင့် ကိုက်ညီမှုမရှိလျှင်သော်လည်းကောင်း၊ ညွှန်ကြားရေးမှူးချုပ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီခြင်းမရှိလျှင်သော်လည်းကောင်း အထက်ပါ နည်းဥပဒေခွဲ (က) အရ ထုတ်ပေးရန်ရှိသော အသိအမှတ်ပြုလက်မှတ်တစ်ခုအား ထုတ်မပေးရ။ နည်းလမ်းနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ ကိစ္စရပ်များသည် လေယာဉ်နှင့်သက်ဆိုင်သော သတ်မှတ်စံနှုန်းများနှင့်အညီ သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့်အတိုင်း ဖြစ်စေရမည်။

(ဂ) အထက်ပါ ပြဋ္ဌာန်းချက်များတွင် မည်သို့ပင် ပါရှိစေကာမူ ညွှန်ကြားရေးမှူးချုပ်သည် အထက်ပါ နည်းဥပဒေခွဲများ အားလုံးဖြစ်စေ၊ တချို့နည်းဥပဒေခွဲကိုဖြစ်စေ၊ လိုက်နာဆောင်ရွက်ခြင်းမှ တစ်စုံတစ်ယောက်သို့ဖြစ်စေ၊ လူတစ်စု လူတန်းစားတစ်ခုခုသို့ဖြစ်စေ စာဖြင့်အထွေထွေအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် အဆိုပါ အမိန့်တွင် သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ကင်းလွတ်ခွင့်ပြုနိုင်သည်။

**လေယာဉ်အားလုံး ထားသိုခြင်းနှင့် ဖြန့်ဖြူးခြင်း**

၁၀၀။ ဤနည်းဥပဒေအရ လေယာဉ်၏ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်အား ထုတ်ပေးခဲ့သည်ဖြစ်စေ၊ ထုတ်ပေးရန်ဖြစ်စေ၊ သက်တမ်းတိုးမြှင့်ရန်ဖြစ်စေ၊ အတည်ပြုရန်ဖြစ်စေ အဆိုပါ လေယာဉ်၊ လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းများ သို့မဟုတ် လေယာဉ်တွင် အသုံးပြုခဲ့သည့် သို့မဟုတ် အသုံးပြုရန် ရည်ရွယ်ထားသည့် ပစ္စည်းများကို ထားသိုခြင်းနှင့် ဖြန့်ဖြူးခြင်းကို အသိအမှတ်ပြုအဖွဲ့အစည်း သို့မဟုတ် လိုင်စင်ရအင်ဂျင်နီယာ သို့မဟုတ် ကိုယ်စားအခွင့်အာဏာအပ်နှင်းခြင်း ခံရသူက ဆောင်ရွက်ရမည်။ လက်မှတ်များနှင့် ၎င်းလက်မှတ်မိတ္တူများ၏ ပုံစံနှင့် ဖြန့်ဝေခြင်းများသည် ဦးစီးဌာန၏သတ်မှတ်ချက်များနှင့် အညီ ဖြစ်စေရမည်။

**လေယာဉ်တင်ပို့မှုဆိုင်ရာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ထုတ်ပြန်ခြင်း**

၁၀၁။ (က) ပြည်တွင်းတွင် ပျံသန်းမှုဆောင်ရွက်ခဲ့သည့် သို့မဟုတ် ပြုပြင်ထိန်းသိမ်းမှုပြုလုပ်ခဲ့သည့် လေယာဉ်နှင့်ဆက်စပ်ပစ္စည်းကိရိယာများ သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို ပြည်ပသို့ တင်ပို့ရန် ရည်ရွယ်သူ မည်သူမဆို တင်ပို့မှုဆိုင်ရာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ထုတ်ပေးရန် လျှောက်လွှာကို ဦးစီးဌာနက သတ်မှတ်ထားသည့် နည်းလမ်းများအတိုင်း တင်သွင်းရမည်။

(ခ) ဦးစီးဌာနသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားလာသည့် လေယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သို့မဟုတ် အစိတ်အပိုင်းတစ်ခုခုကို စစ်ဆေးကြည့်ရှုပြီးနောက် စည်းကမ်းချက်များ သတ်မှတ်၍ လေယာဉ်တင်ပို့မှုဆိုင်ရာ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ထုတ်ပေးနိုင်သည်။

**အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရန် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူများ**

၁၀၂။ အသိအမှတ်ပြုလက်မှတ်နှင့်သက်ဆိုင်သည့် လေယာဉ်ပြုပြင်ထိန်းသိမ်းရေးအတွက် ဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ်က အတည်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အခွင့်အာဏာရအဖွဲ့အစည်းသည် ဦးစီးဌာနက အတည်ပြုပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများ၊ ကျင့်စဉ်များအရ ဆောင်ရွက်ထားပြီးဖြစ်လျှင် ထုတ်ပေးထားသောလိုင်စင်၊ အပ်နှင်းထားသော လုပ်ပိုင်ခွင့် သို့မဟုတ် အတည်ပြုချက်များအရ အရည်အချင်းပြည့်ဝသည့် သက်ဆိုင်ရာ လိုင်စင်ရ အင်ဂျင်နီယာ သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသော ပုဂ္ဂိုလ် သို့မဟုတ် ညွှန်ကြားရေးမှူးချုပ်က အသိအမှတ်ပြုထားသော လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက လုပ်ပိုင်ခွင့်အပ်နှင်းထားသော ပုဂ္ဂိုလ်များကသာ ဤနည်းဥပဒေ၏ အခန်း (၆) ပါ အသိအမှတ်ပြု လုပ်ဆောင်ခြင်းများကို လက်မှတ်ရေးထိုးရမည်။

**လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်းလက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းနှင့် ၎င်းကို ဆက်လက်အတည်ဖြစ်ခြင်း -**

၁၀၃။ (က) လေယာဉ်သည် အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်အတည်ဖြစ်ခြင်းမှ ရပ်ဆိုင်းစေရမည် -

(၁) ထိုလေယာဉ်နှင့်သက်ဆိုင်သော လုပ်ငန်းဆောင်ရွက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဤနည်းဥပဒေများပါ လိုအပ်ချက်များကို လိုက်နာမှုရပ်ဆိုင်းခြင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ခြင်း သို့မဟုတ်

(၂) ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်မညီဘဲ ပြုပြင်မွမ်းမံခြင်း သို့မဟုတ် ပြင်ဆင်ခြင်း သို့မဟုတ်

(၃) အကြီးစားထိခိုက်ပျက်စီးမှုဖြစ်ခြင်း သို့မဟုတ်

(၄) ဆက်လက်၍ လေယာဉ်ပျံသန်းမှုတွင် အဓိကချို့ယွင်းမှုသည် လေယာဉ်၏ ဘေးအန္တရာယ် ဖြစ်စေသော ချို့ယွင်းမှု သို့မဟုတ် နောက်ထပ်ပျံသန်းမှုတွင် အန္တရာယ်ရှိမှု ဖြစ်ပေါ်ခြင်း။

(ခ) မည်သည့်အချိန်၌မဆို လေယာဉ် သို့မဟုတ် အဆိုပါ အမျိုးတူ လေယာဉ်အမျိုးအစားတွင် ဘေးအန္တရာယ်ကင်းရှင်းမှုနှင့်စပ်လျဉ်း၍ အကျိုးအကြောင်း ခိုင်လုံစွာ သံသယရှိပါက သို့မဟုတ် ဖြစ်ပေါ်ပါက ညွှန်ကြားရေးမှူးချုပ်သည် -

(၁) လေယာဉ်နှင့်စပ်လျဉ်း၍ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်အား ယာယီ ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း သို့မဟုတ်

(၂) ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်သည့် ပုဂ္ဂိုလ်၏ကြီးကြပ်မှုဖြင့် အဆိုပါ လေယာဉ်နှင့် လေယာဉ်၏အစိတ်အပိုင်းနှင့် ဆက်စပ်ပစ္စည်းကိရိယာများကို စစ်ဆေးကြည့်ရှုခြင်း၊ စမ်းသပ်ခြင်းနှင့် စာမေးပွဲစစ်ဆေးခြင်းအပါအဝင် ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ အလုံးစုံပြုပြင်ခြင်းများ ဆောင်ရွက်စေခြင်း။

(ဂ) နည်းဥပဒေခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ လေယာဉ်၏ ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ကို ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း ခံထားရသည့် အချိန်ကာလအတွင်း လေယာဉ်ကို မပျံသန်းရ။

(ဃ) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်အတည်ဖြစ်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းခံရသောအခါ ညွှန်ကြားရေးမှူးချုပ်သည် လေယာဉ်ပိုင်ရှင် သို့မဟုတ် လေယာဉ်ဖြင့်လုပ်ငန်းဆောင်ရွက်သူသည် လေယာဉ်ပေါ်ပါသူ သို့မဟုတ် လေယာဉ်၏ ဘေးကင်းလုံခြုံစိတ်ချရမှုနှင့်ပတ်သက်၍ သတ်မှတ်ပေးထားသော လိုအပ်ချက်များကို လိုက်နာပြီး လျှောက်ထားလာခြင်းအပေါ် -

(၁) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်ကြောင်း လက်မှတ်ရပ်စဲခြင်းမှ ဖယ်ရှားရန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်ရန် လိုအပ်သောအခါ လေယာဉ်ပေါ်တွင် ခရီးသည်များမပါဘဲ တစ်နေရာမှ တစ်နေရာသို့ ပျံသန်းခွင့်ကို ဤနည်းဥပဒေများအရ ခွင့်ပြုနိုင်သည်။

(၂) စမ်းသပ်လေ့လာခြင်း သို့မဟုတ် စမ်းသပ်ခြင်းရည်ရွယ်ချက်အတွက် လေယာဉ်ပျံသန်းခွင့် ပြုနိုင်သည်။

(၃) လေယာဉ် သို့မဟုတ် လူများ၏အကူအညီ သို့မဟုတ် ဘေးကင်းလုံခြုံစိတ်ချရမှု လိုအပ်သောအခါ လေယာဉ်ပျံသန်းခွင့်ပြုနိုင်သည်။

(၄) အထူးရည်ရွယ်ချက်များအတွက် လေယာဉ်ပျံသန်းခွင့်ပြုနိုင်သည်။

(င) ဦးစီးဌာနသည် အထွေထွေအမိန့် သို့မဟုတ် အထူးအမိန့်ဖြင့် အဆိုပါ အမိန့်တွင် သတ်မှတ်ထားသကဲ့သို့ စည်းကမ်းချက်များနှင့်အညီ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် လိုက်နာဆောင်ရွက်ခြင်းမှ မည်သည့်လေယာဉ်ကိုမဆို ကင်းလွတ်ခွင့်ပြုနိုင်သည်။

**မြန်မာနိုင်ငံပြင်ပတွင် လုပ်ငန်းဆောင်ရွက်သော မြန်မာနိုင်ငံလေယာဉ်**

၁၀၄။ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော လေယာဉ်သည် မြန်မာနိုင်ငံပြင်ပတွင် လုပ်ငန်းဆောင်ရွက်နေသည့်အခါ လေယာဉ် သို့မဟုတ် ၎င်း၏အစိတ်အပိုင်းတစ်ခုခု သို့မဟုတ် ဆက်စပ်ပစ္စည်းကိရိယာတစ်ခုခုကို အောက်ပါပုဂ္ဂိုလ်တို့၏ ကြီးကြပ်မှုဖြင့် သို့မဟုတ် ကြီးကြပ်မှုအရမှအပ ပြုပြင်မွမ်းမံခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း၊ စစ်ဆေးကြည့်ရှုခြင်း သို့မဟုတ် အလုံးစုံပြုပြင်မွမ်းမံခြင်း မပြုရ -

(က) စာချုပ်ဝင်နိုင်ငံတစ်ခုဖြစ်သည့်ကိစ္စတွင် ကွန်ဗင်းရှင်းပါ အနိမ့်ဆုံးချမှတ်ထားသော လိုအပ်ချက်များနှင့်အညီ စာချုပ်ဝင်နိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်က ဤရည်ရွယ်ချက်အတွက် ဦးစီးဌာနအသိအမှတ်ပြုထားသော ပုဂ္ဂိုလ်တစ်ဦး၊

(ခ) စာချုပ်ဝင်နိုင်ငံမှအပ အခြားနိုင်ငံဖြစ်သည့်ကိစ္စတွင် ဤရည်ရွယ်ချက်အတွက် ဦးစီးဌာနအသိအမှတ်ပြုထားသော အရည်အချင်းများ ပိုင်ဆိုင်သည့် ပုဂ္ဂိုလ်တစ်ဦး။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင်လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**ပျံသန်းမှုအတွက် ချိန်ခွက်ကိရိယာနှင့် စက်ပစ္စည်းများ**

၁၀၅။ (က) ပျံသန်းမည့်လမ်းကြောင်းအခြေအနေအတွက် အသုံးပြုရန် ဦးစီးဌာနက သတ်မှတ်ထားသည့် ပျံသန်းမှုအတွက် ညချိန်ခွက်ကိရိယာနှင့် စက်ပစ္စည်းများကို လေယာဉ်တိုင်းတွင် တပ်ဆင်ထားရမည်။

(ခ) ထိုချိန်ခွက်နှင့် စက်ပစ္စည်းများသည် ညွှန်ကြားရေးမှူးချုပ်က လက်ခံအတည်ပြုထားသည့် အမျိုးအစားများဖြစ်ရမည်ဖြစ်ပြီး ၎င်းက လက်ခံအတည်ပြုထားသည့် နည်းလမ်းပုံစံအတိုင်း တပ်ဆင်ထား၍ ကောင်းစွာအလုပ်လုပ်နိုင်သည့် အနေအထားရှိနေစေရန် ထိန်းသိမ်းထားရမည်။

**ချို့ယွင်းချက်နှင့် ချို့ယွင်းသော အစိတ်အပိုင်းများ**

၁၀၆။ (က) မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသောလေယာဉ်တွင် ကြီးမားသော ချို့ယွင်းမှု သို့မဟုတ် ကြီးမားသော ထိခိုက်ပျက်စီးမှုကို ဦးစီးဌာနက သတ်မှတ်ထားသော နည်းလမ်းဖြင့် အစီရင်ခံစာ ပေးပို့ရမည်။

(ခ) လေယာဉ်၏ အစိတ်အပိုင်းတစ်ခုခုသည် ချို့ယွင်းကြောင်း ထုတ်ဖော်ပြောကြားလာလျှင်ဖြစ်စေ၊ ချို့ယွင်းကြောင်းသံသယရှိလာလျှင်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်သည် ဤကိစ္စအတွက် ကိုယ်စား စစ်ဆေးရန် ၎င်းက အခွင့်အာဏာအပ်နှင်းထားသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား လွှဲအပ်တာဝန်ပေးနိုင်သည်။

***ရှင်းလင်းချက်။*** ဤနည်းဥပဒေ၏ ရည်ရွယ်ချက်အလို့ငှာ နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ခ) တွင် အကျုံးဝင်သော နိုင်ငံခြားမှတ်ပုံတင်လေယာဉ်ကို မြန်မာနိုင်ငံတွင် မှတ်ပုံတင် လေယာဉ်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ မှတ်ပုံတင်လေယာဉ်ကို နည်းဥပဒေ ၃၊ နည်းဥပဒေခွဲ (ဂ) တွင် အကျုံးဝင်ပါက ယင်းလေယာဉ်ကို မြန်မာ နိုင်ငံတွင် မှတ်ပုံတင်ထားခြင်းမရှိသော လေယာဉ်အဖြစ် မှတ်ယူရမည်ဖြစ်သည်။

**ပြုပြင်ထိန်းသိမ်းမှု စံချိန်စံညွှန်းများနှင့် သက်သေခံလက်မှတ်**

၁၀၇။ (က) ဤနည်းဥပဒေအရ **ပြုပြင်ထိန်းသိမ်းခြင်း** ဆိုသည်မှာ - လိုအပ်သောလေယာဉ် ဝန်ဆောင်မှုများ၊ ပြုပြင်မွမ်းမံခြင်းများ၊ ပြင်ဆင်ခြင်းများ၊ အစားထိုးခြင်းများ၊ အလုံးစုံပြုပြင်ခြင်းများ၊ လုပ်ငန်းစဉ်များ၊ ပြုစုမှုများ၊ စမ်းသပ်မှုများ၊ ဆောင်ရွက်မှုများ၊ လေယာဉ်နှင့် လေယာဉ်၏အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများနှင့် လေယာဉ်စစ်ဆေးကြည့်ရှုခြင်းများအပါအဝင် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှုရှိစေရန်အတွက် လိုအပ်သောလုပ်ငန်းအားလုံး ဆောင်ရွက်ချက်ကို ရည်ညွှန်းသည်။

(ခ) (၁) ဦးစီးဌာနသည် လေယာဉ်နှင့် လေယာဉ်၏အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်း ကိရိယာများနှင့်စပ်လျဉ်း၍ ၎င်းတို့ကို ပြုပြင်ထိန်းသိမ်းရေးအတွက် စံချိန်စံညွှန်းများနှင့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။

(၂) ဦးစီးဌာနသည် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ချက်များအား အသိပေးအကြောင်းကြား ထားစဉ်နှင့် ပြုပြင်ထိန်းသိမ်းမှုစနစ်အား အတည်ပြုထားစဉ်တွင် အောက်ပါတို့နှင့် စပ်လျဉ်း၍ ပါရှိရမည် -

(ကက) ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အခြေခံအထောက်အကူပြု လိုအပ်ချက်များ ရရှိမှု၊

(ခခ) စစ်ဆေးမှု၊ စမ်းသပ်မှု သို့မဟုတ် အလုံးစုံပြုပြင်မှုများအကြား ဘေးကင်းလုံခြုံ စိတ်ချရမှု ဖြစ်ပေါ်လာနိုင်သည့် လေယာဉ်ပျံသန်းအသုံးပြုချိန်၊ လုပ်ငန်းစဉ်အချိန် သို့မဟုတ် အခြားသော အခြေခံများတွင် ကုန်ဆုံးသွားသည့်ကြားကာလအချိန်၊

(ဂဂ) ပြုပြင်ထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ပါရှိသည့်အရာများ၊ ဖယ်ထုတ်သည့်ပစ္စည်းများ၊ မှတ်တမ်းများထားရှိမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိရမည့် အချိန်ကာလ၊

(ဃဃ) လေယာဉ်အား ဆောင်ရွက်ထားသည့် လုပ်ငန်းဆောင်ရွက်မှုအမျိုးအစား၊

(ငင) ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှုကို အကျိုးသက်ရောက်မှုဖြစ်ပေါ်စေနိုင်သော ဖုန်မှုန့်၊ လေထဲတွင် ဆားငွေ့ပါဝင်မှုအခြေအနေ သို့မဟုတ် အခြားအချက်များ အခြေခံအသုံးပြုမှုများ သို့မဟုတ် ပျံသန်းသည့် လမ်းကြောင်းကဲ့သို့သော အခြေအနေများ၊

(စစ) အခြားထည့်သွင်းစဉ်းစားရမည့် သက်ဆိုင်သောအချက်တစ်ခုခု။

(ဂ) ဦးစီးဌာနက သတ်မှတ်ထားသော အဆိုပါ လိုအပ်ချက် လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုပြင် ထိန်းသိမ်းခြင်းမရှိလျှင် မည်သည့်လေယာဉ်မျှ မပျံသန်းရ။

(ဃ) အသိအမှတ်ပြုလက်မှတ်တွင် ပါရှိရမည့် သက်တမ်းကာလ သို့မဟုတ် ဖယ်ရှားဖျက်ဆီးရမည့် တရားဝင်မှုကာလနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းများသည် ဦးစီးဌာနက သတ်မှတ်ထားသည့် ပုံစံနှင့် နည်းလမ်းများအတိုင်း ဖြစ်စေရမည်။

(င) ဤနည်းဥပဒေအရ အသိအမှတ်ပြုလက်မှတ်ရရှိထားသော လေယာဉ်သည် အတည်ပြုထားသော ချို့ယွင်းချက်စာရင်းတွင် အကျုံးဝင်သည့် ချို့ယွင်းချက်မျိုးမှအပ လေယာဉ်၏ ဘေးအန္တရာယ်ကင်းစွာ ပျံသန်းနိုင်မှုကိုဖြစ်စေနိုင်ခြင်းနှင့် လေယာဉ်မှူးနှင့် လေယာဉ်ဝန်ထမ်းမှ သာမန်လေကြောင်းအလေ့အကျင့်အရ ကုစားမှုများမပြုလုပ်နိုင်ခြင်း စသည့် ကြီးမားသော ထိခိုက်ပျက်စီးမှု သို့မဟုတ် ပြစ်ချက်တစ်ခုခု ရရှိထားခြင်းဖြစ်ပါက အဆိုပါ လေယာဉ်ကို မည်သည့်နည်းနှင့်မျှ ပျံသန်းစတင်အသုံးပြုခြင်း မပြုရ။

သို့ရာတွင် ညွှန်ကြားရေးမှူးချုပ်သည် အထွေထွေ သို့မဟုတ် အထူးအမိန့်ဖြင့် အဆိုပါ အမိန့်တွင် သတ်မှတ်ထားသကဲ့သို့ စည်းကမ်းချက်များကို အထောက်အထားပြု၍ ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ဆောင်ရွက်ခြင်းမှ မည်သည့်လေယာဉ်ကိုမဆို ကင်းလွတ်ခွင့်ပြုနိုင်သည်။

## ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ အသိအမှတ်ပြုအဖွဲ့အစည်းများ

၁၀၈။ (က) ဤအခန်းတွင် **အဖွဲ့အစည်း** ဆိုသည်မှာ လေယာဉ်နှင့် လေယာဉ်အစိတ်အပိုင်းများ၊ ဆက်စပ်ပစ္စည်းကိရိယာများကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းကို သော်လည်းကောင်း ယင်းလုပ်ငန်းတစ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပို၍ ပါဝင်ဆောင်ရွက်နေသော ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို ရည်ညွှန်းသည်။

(ခ) ညွှန်ကြားရေးမှူးချုပ်သည် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းက အတည်ပြုထားသည့် စနစ်တစ်ခုအတွင်း လုပ်ငန်းဆောင်ရွက်ရန် တောင်းဆိုလာသည့်အခါ စဉ်းစားပြီး ကျေနပ်မှုရှိပါက လိုအပ်သလို ထိုပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအား ထိုအတည်ပြုထားသည့်စနစ်အရ လုပ်ငန်းဆောင်ရွက်ရန် အတည်ပြုချက်ပေးနိုင်သည်။ ထိုအတည်ပြုစနစ်အရ လုပ်ငန်းဆောင်ရွက်ရန်အတွက် အဆိုပါ အတည်ပြုထားသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် ဦးစီးဌာနက သတ်မှတ်သည့်လိုအပ်ချက်များနှင့် ကိုက်ညီစေရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ထုတ်ပေးထားသည့် အတည်ပြုချက်လက်မှတ်သည် ယာယီရပ်ဆိုင်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း မရှိပါက တစ်နှစ်ထက်မပိုသော သက်တမ်းရှိပြီး ညွှန်ကြားရေးမှူးချုပ်က ကျေနပ်မှုရှိပါက နောက်ထပ်သက်တမ်းတစ်နှစ် ထပ်မံတိုးမြှင့်ပေးနိုင်သည်။

(ဃ) (၁) အတည်ပြုထားသည့် အဖွဲ့အစည်းသည် ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း အဆိုပါ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသော မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လက်တွေ့လုပ်ဆောင်ချက်များနှင့် အရည်အသွေးထိန်းသိမ်းသည့် နည်းလမ်းများပါဝင်သည့် ထိုအဖွဲ့အစည်း၏ ဝန်ထမ်းများအသုံးပြုရန် လမ်းညွှန်လက်စွဲစာအုပ်များကို ရေးဆွဲပြုစုထားရမည်။

(၂) အဆိုပါ လက်စွဲစာအုပ် မိတ္တူ သို့မဟုတ် လက်စွဲစာအုပ်၏ အစိတ်အပိုင်း မိတ္တူ အပြည့်အစုံကို ဦးစီးဌာနက ညွှန်ကြားသည့်အတိုင်း အတည်ပြုချက်ရရှိရန် တင်ပြရမည်။

(၃) အတည်ပြုထားသည့် အဖွဲ့အစည်းတစ်ရပ်သည် လက်ရှိလေယာဉ်ပစ္စည်းကိရိယာများ သို့မဟုတ် လက်တွေ့ဆောင်ရွက်မှု အတွေ့အကြုံနှင့် ရလဒ်များအရ လက်စွဲစာအုပ်ကို အခါအားလျော်စွာ ပြင်ဆင်နိုင်သည်။ အဆိုပါ လက်တွေ့ဆောင်ရွက်မှုနှင့် လုပ်ထုံးလုပ်နည်းများ ပြင်ဆင်ချက်တစ်စုံတစ်ရာသည် ဝေဟင်တွင် စိတ်ချစွာပျံသန်းနိုင်မှုကို ဖြစ်စေ၊ လေယာဉ်ဘေးကင်းလုံခြုံမှုကိုဖြစ်စေ၊ လေယာဉ်၏ဆက်စပ်ပစ္စည်းကိရိယာများကို ဖြစ်စေ ထိခိုက်ခြင်းရှိပါက ဦးစီးဌာနသို့ တင်ပြ၍ ကြိုတင်ခွင့်ပြုချက် ရယူရမည်။

(င) အတည်ပြုထားသည့် အဖွဲ့အစည်းတစ်ရပ်သည် ၎င်းအဖွဲ့အစည်းရှိ လုပ်ငန်းဆောင်ရွက်သူများအတွက် လိုအပ်ပါက လက်စွဲစာအုပ်နှင့် လက်စွဲစာအုပ်ပြင်ဆင်ချက်မိတ္တူများကို ဦးစီးဌာနနှင့် လုပ်ငန်းချင်းဆက်စပ်နေသော အခြားအဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံသို့ ပေးပို့ရမည်။

**အခကြေးငွေများ**

၁၀၉။ (က) ဦးစီးဌာနသည် ဤအခန်းတွင် ဖော်ပြထားသည့် လိုင်စင်၊ လက်မှတ် စသည်တို့ ထုတ်ပေးခြင်း၊ တရားဝင်အသိအမှတ်ပြုခြင်း၊ အသိအမှတ်ပြုလက်မှတ်၊ လိုင်စင်သက်တမ်းတိုးမြှင့်ခြင်း၊ မူရင်းခွဲမိတ္တူထုတ်ပေးခြင်း၊ လေယာဉ်ပြုပြင်ထိန်းသိမ်းရေး အင်ဂျင်နီယာများအတွက် စာမေးပွဲနှင့် စစ်ဆေးချက်များကို အတည်ပြုပေးခြင်းနှင့် အကြီးစားနှင့် အသေးစားပြင်ဆင်မှုများကို လက်ခံခွင့်ပြုခြင်းတို့အတွက် ပေးဆောင်ရမည့် အခကြေးငွေများကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

(ခ) လိုင်စင်လျှောက်ထားသူ၏ အတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့ကို ထောက်ရှု၍ နည်းပညာစာမေးပွဲတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ပြုလုပ်ရန်မလိုအပ်ဟု ဆုံးဖြတ်ပါက ညွှန်ကြားရေးမှူးချုပ်သည် စာမေးပွဲကြေးကို သက်သာခွင့်ပေးခြင်း သို့မဟုတ် သင့်လျော်သလို လျှော့ပေါ့ပေးခြင်း ပြုနိုင်သည်။

(ဂ) လိုင်စင် သို့မဟုတ် အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်း သို့မဟုတ် သက်တမ်းတိုးပေးခြင်းတို့အတွက် လျှောက်ထားချက်တွင် လျှောက်ထားသူက ပေးဆောင်ရမည့် အခကြေးငွေအားလုံးအတွက် ငွေသွင်းပြေစာ (Treasury) ကို တစ်ပါတည်း တင်ပြရမည်။

**[ ဆက်လက်ဖော်ပြပါမည်။ ]**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၀၉/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဝန်ကြီးဌာန၊ အမှုဆောင်ကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနမှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) တန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း) ဦးဇော်ရဲမြင့် အား ၂၀၁၉ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား မယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ တို့အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီးနောက် ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဝင်းခိုင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/ ၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၅ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝင်းကြူ [၅/မရန (နိုင်) ၀၀၀၉၄၄] အား ၂၀၁၉ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့မှစ၍ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၁၇/ ၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၂/ ၂၀၁၉ ကို ရည်ညွှန်းလျက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးမင်းမင်း [၉/မမန (နိုင်) ၀၁၂၉၃၁] အား ယင်းဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့မှစတင်၍ အစမ်းခန့်ထားလိုက်သည်။

ဒေါက်တာသန်းမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၃/ ၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/ ၂၀၁၈) အစီအစဉ် (၁၃) ၌ သဘောတူညီချက်အရ အဆင့်မြင့် ပညာဦးစီးဌာန၊ လားရှိုးတက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာကြူကြူဝင်း အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၄/ ၂၀၁၈)**

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/ ၂၀၁၈) အစီအစဉ် (၁၂) ၌ သဘောတူညီချက်အရ အဆင့်မြင့် ပညာဦးစီးဌာန၊ စစ်ကိုင်းပညာရေးတက္ကသိုလ်၊ သင်္ချာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာမိုင်မယ်ခင် အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၂၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈) အစီအစဉ် (၁၁) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါ်မြင့်မြင့် အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၇/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈) အစီအစဉ် (၉) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ မကွေးတက္ကသိုလ်၊ ရုက္ခဗေဒဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာကျော်ဆွေလင်း အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၉/၂၀၁၈)**

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈) အစီအစဉ် (၇) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ကုန်ထုတ်ဓာတုဗေဒဌာနမှ ပါမောက္ခ ဒေါက်တာဥမ္မာကြည် အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၃ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈) အစီအစဉ် (၆) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာဦးစီးဌာန၊ ဗန်းမော်တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (ပါမောက္ခချုပ် တာဝန်) ဒေါက်တာဇော်ဂျပ် အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အစီအစဉ် (၅) ၌ သဘောတူညီချက်အရ အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးညွှန့်မောင် အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်)

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) အစီအစဉ် (၄) ၌ သဘောတူညီချက်အရ အဆင့်မြင့်ပညာ ဦးစီးဌာန၊ မော်လမြိုင်တက္ကသိုလ်၊ သတ္တဗေဒဌာနမှ ပါမောက္ခ ဒေါက်တာမျိုးသီတာ အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

အမှတ် ၈ ။ ။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၉) အရ ဆေးတက္ကသိုလ် (၁) ရန်ကုန် ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ပါမောက္ခ/ဌာနမှူး၊ ပါမောက္ခဒေါက်တာလှလှဝင်း (ဆမ-၁၁၃၈၂) အား ပြည်သူ့ ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) သို့ ပါမောက္ခချုပ်အဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားပါသဖြင့် ပါမောက္ခချုပ်၏ တာဝန်ဝတ္တရားများကို ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံ ဆောင်ရွက်စေလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

အမှတ် ၉ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၂၃၀၆ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အရိုးရောဂါပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာအောင်မျိုးဝင်း (ဆမ-၉၈၃၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

အမှတ် ၁၀ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၂၃၀၁ ၏ သဘောတူခွင့်ပြုချက်အရ ဆေးသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာသိဂီသွင် (ဆမ-၁၀၃၇၄) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှ စတင်ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၅ ရက်)

အမှတ် ၁၁ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၁၉/၂၉၃၀ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ သားဖွားမီးယပ်ပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာ စောကလယ်ခူ (ဆမ-၁၀၆၅၂) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်)

အမှတ် ၁၂ ။ ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူ ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၃) ဦးတို့အား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ/ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထား လိုက်သည် -

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါက်တာချိုရီမြင့်<br>D.P.M.S,B.Pharm,M.Pharm,<br>Ph.D (Pharmaceutics)<br>တွဲဖက်ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဖော်စပ်ရေးဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဖော်စပ်ရေးဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) |
| ၂။ | ဒေါက်တာချိုချိုမင်း<br>D.P.M.S,B.Pharm,M.Pharm,<br>Ph.D (Pharmaceutical Chemistry)<br>တွဲဖက်ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (ရန်ကုန်) | ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) |
| ၃။ | ဒေါက်တာမာမာဆွေ<br>D.P.M.S,B.Pharm,M.Pharm,<br>Ph.D (Pharmaceutical Chemistry)<br>တွဲဖက်ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (မန္တလေး) | ပါမောက္ခ/ဌာနမှူး<br>ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒဌာန<br>ဆေးဝါးတက္ကသိုလ် (ရန်ကုန်) |

မှတ်ချက် ။ ရာထူးတိုးမြှင့် ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခ/ဌာနမှူးများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာန အကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်စာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

အမှတ် ၁၃ ။ ။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/၂၀၁၉) ၏ သဘောတူဆုံးဖြတ်ချက်အရ ရောဂါဗေဒဌာနမှ အောက်ဖော်ပြပါ တွဲဖက်ပါမောက္ခ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ အမည်နှင့်ယှဉ်တွဲဖော်ပြပါအတိုင်း ပါမောက္ခ၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) များအဖြစ် ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| စဉ် | ဆမ | အမည်၊ ပညာ၊ ရာထူး၊ ဌာန၊ တက္ကသိုလ် | တိုးမြှင့်ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ ဌာန၊ တက္ကသိုလ် |
|---|---|---|---|
| ၁။ | ၁၅၃၉၆ | ဒေါက်တာစောဝတ်မှုန်<br>M.Med.Sc (Pathology)<br>Ph.D (Pathology)<br>Dip.Tropical Medicine<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) | ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် |
| ၂။ | ၁၅၃၂၃ | ဒေါက်တာလဲ့ရွှေဇင်<br>M.Med.Sc (Pathology)<br>Ph.D (Pathology)<br>Dip.Med.Ed<br>တွဲဖက်ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (၁) ရန်ကုန် | ပါမောက္ခ<br>ရောဂါဗေဒဌာန<br>ဆေးတက္ကသိုလ် (မကွေး) |

မှတ်ချက် ။ ရာထူးတိုးမြှင့်ပြောင်းရွှေ့ခန့်ထားခြင်းခံရသည့် ပါမောက္ခများသည် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့်သက်ဆိုင်ရာဌာနအကြီးအကဲထံ တွေ့ဆုံသတင်းပို့ရန်နှင့် တိုးမြှင့်ပြောင်းရွှေ့တာဝန်ချထားသည့် အမိန့်ကြော်ငြာစာထွက်ပြီး သတ်မှတ်ရက်အတွင်း **(သတ်မှတ်ရက်အတွင်း)** အလုပ်တာဝန်များ လွှဲပြောင်းလက်ခံပြီး ပြောင်းရွှေ့စေရန်ဖြစ်သည်။

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

အမှတ် ၁၄ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၃၆၄၂ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ စိတ်ကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာမြင့်မြင့်စိန် (ဆမ - ၉၉၆၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၅ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၃၆၄၁ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်၊ အဏုဇီဝဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာဝင်းဝင်းမော် (ဆမ - ၉၉၁၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့

နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

အမှတ် ၁၆ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၃၈၅၈ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (တောင်ကြီး)၊ အဏုဇီဝဗေဒဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာတင်တင်မြင့် (ဆမ - ၁၀၂၄၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

အမှတ် ၁၇ ။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ မတ်လ ၆ ရက်စွဲပါ စာအမှတ်၊ ၄ မက (ခ) ၂၀၁၉/၃၈၅၆ ဖြင့် ခွင့်ပြုချက်အရ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (မန္တလေး)၊ မေးရိုးနှင့် ခံတွင်းခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခဒေါက်တာကြူကြူဆွေဝင်း (သခ - ၆၅၀) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း လမ်းလုပ်ငန်းသုံး စက်ပစ္စည်းအပိုင်း/အခြားအပိုင်းများ အိတ်ဖွင့်တင်ဒါခေါ်ဆို ဝယ်ယူခြင်းအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော ကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်လိုက်သည် -

**(က) တင်ဒါဦးစီးကော်မတီ**

(၁) ဦးဝင်းတင့် — ဥက္ကဋ္ဌ
အမြဲတမ်းအတွင်းဝန်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဒေါ်တင်မိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးမြင့်ဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးဝဏ္ဏဇော် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးသန်းထိုက်အောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး

(၆) ဦးခင်သက် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ခ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

(၁) ဦးခင်သက် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဒေါ်တင်မိုးမြင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးမြင့်နိုင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)
ဖြည့်တင်းရေးဌာနခွဲ၊ လမ်းဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးဝေလွင်ဦး — အဖွဲ့ဝင်
ဦးစီးအရာရှိ
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်

(၅) ဦးအောင်မြင့်စိုး — အဖွဲ့ဝင်
ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပျဉ်းမနားမြို့နယ်

(၆) ဦးစိုးထွန်းနိုင် — အတွင်းရေးမှူး
အင်ဂျင်နီယာချုပ် (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဂ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ

(၁) ဦးဝဏ္ဏဇော် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးရဲလင်းထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး (စီမံ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးစိုးထွန်းနိုင် — အတွင်းရေးမှူး
အင်ဂျင်နီယာချုပ် (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် ပစ္စည်းလက်ခံရေးကော်မတီ**

(၁) ဦးဝဏ္ဏဇော် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ် (ထိန်းသိမ်းရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၂) ဦးစိုးဝင်း — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (စီမံရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၃) ဦးရဲခေါင်ထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (ဘဏ္ဍာရေး)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၄) ဦးကျော်မင်းနောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

(၅) ဦးစိုးထွန်းနိုင် — အတွင်းရေးမှူး
အင်ဂျင်နီယာချုပ် (မြို့ပြ)
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန

၂။ ကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

**(က) တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) ပစ္စည်းဝယ်ယူခြင်းအတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(၂) ပစ္စည်းဝယ်ယူခြင်းအတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(၃) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(၄) တင်ဒါတွင်ပါဝင်မည့် ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှု အစီအစဉ်၊ အခွန်စသည်များ သတ်မှတ်ခြင်း၊

(၅) ပစ္စည်းများဝယ်ယူခြင်းအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသော နည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(၆) တင်ဒါပေးသွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့် နေရာ၊ တင်ဒါအောင်မြင်သူစာရင်းထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(၇) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(၈) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူများထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(၉) တင်ဒါအောင်မြင်သူများကို ကြေညာခြင်း၊

(၁၀) နမူနာတောင်းခံရန် လိုအပ်သည့်ပစ္စည်းတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(၁၁) အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း။

**(ခ) ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်။** ဝယ်ယူမည့် ပစ္စည်း၏ ကြမ်းခင်းဈေးနှုန်းကို "တင်ဒါကော်မတီ" သို့ တင်ပြခြင်း။

**(ဂ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း။

(၂) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း။

(၃) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

**(ဃ) အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(၁) အရည်အသွေးစစ်ဆေးခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း။

(၂) ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း။

(၃) ဝယ်ယူမည့်ဌာန အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း (သို့မဟုတ်) ဝန်ဆောင်မှုကို လက်ခံခြင်း (သို့မဟုတ်) ငြင်းပယ်ခြင်း။

(၄) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း။

## အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

## ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း
## အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) ဦးမြင့်ဇော် — အဖွဲ့ခေါင်းဆောင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆောက်အဦဦးစီးဌာန

(ခ) ဦးသန်းမြင့် — တွဲဖက်ခေါင်းဆောင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
လမ်းဦးစီးဌာန

(ဂ) ဒေါ်ပြုံးပြုံးခိုင် — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
အဆောက်အဦဦးစီးဌာန

(ဃ) ဒေါ်သိန်းနု — အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (မြို့ပြ)
တံတားဦးစီးဌာန

(င) ဒေါ်မြသူဇာ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(စ) ဦးသိန်းဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဆ) ဦးသင်ဇော်မိုး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဇ) ဦးသူရိန်ထွန်း — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ဝန်ကြီးရုံး

(ဈ) ဒေါက်တာ ရှိန်းဇေယျာထွန်း — အဖွဲ့ဝင်
ဦးစီးအရာရှိ
ဝန်ကြီးရုံး

(ည) ဦးမြဖေ — အဖွဲ့ဝင်
ရုံးအုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

(ဋ) ဒေါ်မြသန္တာမျိုး — အဖွဲ့ဝင်
ရုံးအုပ်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန

(ဌ) ဒေါ်သင်းသင်းနွယ် — အဖွဲ့ဝင်
ဌာနခွဲစာရေး
အဆောက်အဦဦးစီးဌာန

(ဍ) ဒေါ်ဝင်းမာအောင် — အဖွဲ့ဝင်
ဌာနခွဲစာရေး
လမ်းဦးစီးဌာန

(ဎ) ဒေါ်နီနီထွေး — အဖွဲ့ဝင်
ပုံဆွဲ (၂) (မြို့ပြ)
တံတားဦးစီးဌာန

၂။ ဆောက်လုပ်ရေးဝန်ကြီးဌာနတွင်း အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဌာနအလိုက် လာဘ်ပေးလာဘ်ယူမှုနှင့် သက်ဆိုင်သော အဂတိလိုက်စားမှုပြဿနာများကို စိစစ်ဖော်ထုတ်ရန်၊

(ခ) တွေ့ရှိလာသော ပြဿနာများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်၊

(ဂ) အဂတိလိုက်စားမှု ဆက်လက်မဖြစ်ပေါ်စေရေးအတွက် တားမြစ်ထိန်းချုပ်သွားရန်၊

(ဃ) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် နှစ်တို၊ နှစ်ရှည် စီမံချက် (Action Plan) များကို ရေးဆွဲအကောင်အထည်ဖော်ရန်၊

(င) အဂတိလိုက်စားနိုင်ခြေ အန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း (Corruption Risk Assessment) ကို ဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုဆိုင်ရာ တိုင်ကြားလာမှုများနှင့်ပတ်သက်၍ ဆောင်ရွက်မှုအခြေအနေအား သတင်းထုတ်ပြန်ရန်၊

(ဆ) အဖွဲ့၏ လုပ်ငန်းတာဝန်များကို အောက်ခြေအထိ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် အတွက် သက်ဆိုင်ရာဦးစီးဌာနအလိုက် အထောက်အကူပြုအဖွဲ့ငယ်များ ထပ်မံဖွဲ့စည်းပေးရန်၊

(ဇ) အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့်ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ် ညွှန်ကြားရေးမှူး ရုံးများသို့ အဖွဲ့ငယ်များစေလွှတ်၍ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ သင်ကြားပို့ချခြင်း စသည်ဖြင့် အသိပညာပေး ဖြန့်ဝေဆောင်ရွက်ရန်၊

(ဈ) ဝန်ကြီးဌာန၏ သင်တန်းကျောင်းနှင့် သင်တန်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို ဘာသာရပ် (၁) ခုအဖြစ် သင်တန်းချိန်ထည့်သွင်း၍ သင်ကြားပို့ချနိုင်ရေး ဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းနှင့် သဘောသဘာဝချင်းတူညီသော အခြား အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊

(ဋ) အဖွဲ့၏ဆောင်ရွက်ချက်များကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့၏ လစဉ် အစီရင်ခံ တင်ပြပြီး နိုင်ငံတော်သမ္မတရုံးသို့ အစီရင်ခံစာ ပေးပို့တင်ပြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်သို့ မိတ္တူပေးရန်၊

(ဌ) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့မှ တာဝန်ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ရန်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၃/၂၀၁၉)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာန၊ လမ်းဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဖြင့် အင်ဂျင်နီယာချုပ် (မြို့ပြ) (တာဝန်) ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ အရာထမ်း (၆) ဦးတို့အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၈/၂၀၁၉) ၏ ဆုံးဖြတ်ချက်အရ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | လက်ရှိနေရာ | တိုးမြှင့်လစာခံစားရမည့်<br>ဦးစီးဌာန |
|---|---|---|---|
| (က) | ဦးသန်းတိုးအောင်<br>ဆ/၁၁၁၇ | လမ်းဦးစီးဌာန | လမ်းဦးစီးဌာန |
| (ခ) | ဦးခင်ဇော်<br>ဆ/၁၃၂၆ | လမ်းဦးစီးဌာန | လမ်းဦးစီးဌာန |
| (ဂ) | ဦးရွှေဇင်<br>ဆ/၁၂၄၈ | လမ်းဦးစီးဌာန | လမ်းဦးစီးဌာန |
| (ဃ) | ဦးကျော်ဝေ<br>ဆ/၁၀၂၀ | လမ်းဦးစီးဌာန | တံတားဦးစီးဌာန |
| (င) | ဒေါ်ပြုံးပြုံးခိုင်<br>ဆ/၀၉၇၄ | အဆောက်အဦဦးစီးဌာန | ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန |
| (စ) | ဦးမောင်မောင်ညွန့်<br>ဆ/၁၂၃၁ | တံတားဦးစီးဌာန | တံတားဦးစီးဌာန |

## အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၂ ရက်)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် အတွင်းရှိ အောက်ပါလမ်းပိုင်းကို လမ်းဦးစီးဌာနပိုင် လမ်းအဖြစ်မှ နုတ်ပယ်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - စမတောင်တော် အဝင်လမ်း

(ခ) လမ်းအရှည် - ၄ မိုင် ၂ ဖာလုံ (သို့မဟုတ်) ၆. ၈၄ ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ရန်ကုန် - မန္တလေးလမ်းဟောင်း ၂၁၉/၅ မိုင် (သို့မဟုတ်) စမတောင်တော် အဝင်လမ်း ၀/၀ မိုင်၊ ရေကျော်ရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၄/၂ မိုင်၊ စမတောင်တော်သာသနာပြုကျောင်း

(င) လမ်းနယ်နိမိတ် အကျယ် - ၁၀၀ ပေ

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည်စုစုပေါင်းကို ၂၁၅ မိုင် (သို့မဟုတ်) ၃၄၆ ကီလိုမီတာဟု လျှော့ချ၍လည်းကောင်း၊ ကျေးလက် လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည် စုစုပေါင်းကို ၁၆၄၂ မိုင် ၆. ၁၄ ဖာလုံ (သို့မဟုတ်) ၂၆၄၃. ၂၁၃ ကီလိုမီတာဟု တိုးမြှင့်၍လည်းကောင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် ၆၅/၂၀၁၉

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာနသည် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏခရိုင်၊ လယ်ဝေးမြို့နယ် အတွင်းရှိ အောက်ပါလမ်းပိုင်းကို လမ်းဦးစီးဌာနပိုင် လမ်းအဖြစ်မှ နုတ်ပယ်၍ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနပိုင် လမ်းအဖြစ် သတ်မှတ်ကြေညာလိုက်သည် -

(က) လမ်းပိုင်းအမည် - ကမ္ဘာ့နီ - သဲဖြူလမ်း

(ခ) လမ်းအရှည် - ၅ မိုင် ၄ ဖာလုံ (သို့မဟုတ်) ၈. ၈၅ ကီလိုမီတာ

(ဂ) စတင်သည့်နေရာ - ရန်ကုန် - မန္တလေးလမ်းဟောင်း ၂၂၅/၄ မိုင် (သို့မဟုတ်) ကမ္ဘာ့နီ - သဲဖြူလမ်း ၀/၀ မိုင် ကမ္ဘာ့နီရွာ

(ဃ) လမ်းဆုံးရောက်ရှိသည့်နေရာ - ၅/၄ မိုင်၊ အမှတ် (၆) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ခမရ (၄၁၄)

(င) လမ်းနယ်နိမိတ် အကျယ် - ၁၀၀ ပေ

၂။ သို့ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း၌ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည်စုစုပေါင်းကို ၂၀၉ မိုင် ၄ ဖာလုံ (သို့မဟုတ်) ၃၃၇. ၁၅၈ ကီလိုမီတာဟု လျှော့ချ၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်သော လမ်းအရှည် စုစုပေါင်းကို ၁၆၄၈ မိုင် ၂. ၁၄ ဖာလုံ (သို့မဟုတ်) ၂၆၅၂. ၀၆၂ ကီလိုမီတာဟု တိုးမြှင့်၍လည်းကောင်း ပြင်ဆင်သတ်မှတ်လိုက်သည်။

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၇/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ (၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြန်လည်ထူထောင်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ဦးမျိုးဆက်အောင် အား ၎င်း၏တင်ပြလျှောက်ထားချက်အရ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) တို့ပါ ပြဋ္ဌာန်းချက်နှင့်အညီ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၁၉

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)

၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ (၄/၂၀၁၉) ကြိမ်မြောက် အစည်းအဝေး၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ရွေးချယ်ပေးသည့် အောက်ဖော်ပြပါ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) (၄၃) ဦးအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၌ ၎င်းတို့နှင့်ယှဉ်တွဲပါ နေရာများသို့ အလုပ်စတင်ဝင်ရောက်သည့်နေ့မှစ၍ တာဝန်ချထားလိုက်သည် -

| စဉ် | အမည် | တာဝန်ချထားမည့် ဌာန |
|---|---|---|
| (က) | ဦးဝေဖြိုးအောင် | မော်လမြိုင်ခရိုင်ဦးစီးမှူးရုံး (မွန်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (ခ) | ဦးဇော်သူရ | ညွှန်ကြားရေးမှူးချုပ်ရုံး (စီမံဌာနခွဲတွဲဖက်) (ရုံးချုပ်) |
| (ဂ) | ဦးမျိုးသီဟကျော် | ဝန်ထမ်းရေးရာဌာနခွဲ (ရုံးချုပ်) |
| (ဃ) | ဦးကျော်ဇေယျာဝင်း | တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံး |
| (င) | ဦးမင်းအောင်ခန့် | ဥတ္တရခရိုင်ဦးစီးမှူးရုံး၊ နေပြည်တော်ကောင်စီ |
| (စ) | ဦးရမ်ချွမ်းမန် | မင်းတပ်ခရိုင်ဦးစီးမှူးရုံး |
| (ဆ) | ဦး H ကံထူး | ကျိုင်းတုံခရိုင်ဦးစီးမှူးရုံး |
| (ဇ) | ဦးအောင်ပြည့်ဖြိုး | ရေကြည်မြို့နယ်ဦးစီးမှူးရုံး၊ (ဝန်ကြီးရုံးတွဲဖက်) |
| (ဈ) | ဦးလဖိုင်ဇော်ဂေါင် | ကချင်ပြည်နယ်ဦးစီးမှူးရုံး |
| (ည) | ဦးဟန်ဦး | ခန္တီးခရိုင်ဦးစီးမှူးရုံး (စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးတွဲဖက်) |

| စဉ် | အမည် | တာဝန်ချထားမည့် ဌာန |
|---|---|---|
| (ရွ) | ဒေါ်သွယ်သွယ်အောင် | ကယားပြည်နယ်ဦးစီးမှူးရုံး |
| (ဌ) | ဒေါ်ဟေမာန်ဦး | သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်း |
| (ဍ) | ဒေါ်ဝင်းထက်ကြည် | ရမည်းသင်းခရိုင်ဦးစီးမှူးရုံး<br>(မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွဲဖက်) |
| (ဎ) | ဒေါ်ဟေဇင်ဖူး | ဖာပွန်ခရိုင်ဦးစီးမှူးရုံး<br>(ကရင်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (ဏ) | ဒေါ်နွယ်နီဇင် | မြင်းခြံခရိုင်ဦးစီးမှူးရုံး<br>(ရုံးချုပ်တွဲဖက်) |
| (တ) | ဒေါ်သိမ့်ဆုဆုလှိုင် | ကောလင်းမြို့နယ်ဦးစီးမှူးရုံး၊ (ဝန်ကြီးရုံးတွဲဖက်) |
| (ထ) | ဒေါ်ခိုင်ရွှေစင် | မြောက်ဦးခရိုင်ဦးစီးမှူးရုံး<br>(ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်<br>အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတွဲဖက်) |
| (ဒ) | ဒေါ်တင်တင်ထွေး | မင်းဘူးခရိုင်ဦးစီးမှူးရုံး<br>(မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးတွဲဖက်) |
| (ဓ) | ဒေါ်နန်းထက်လှိုင် | မင်းလှမြို့နယ်ဦးစီးမှူးရုံး၊ (ရုံးချုပ်တွဲဖက်) |
| (န) | ဒေါ်နီလာဝင်း | ဆိပ်ဖြူမြို့နယ်ဦးစီးမှူးရုံး၊ (ဝန်ကြီးရုံးတွဲဖက်) |
| (ပ) | ဦးမောင်ဝင်းစိုး | ပြိုဟ်တုမှ ပုံရိပ်ဖမ်းယူစူးစမ်းလေ့လာမှုဌာနခွဲ<br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (ဖ) | ဒေါ်မာလာအောင် | စီမံကိန်းရေးဆွဲရေးနှင့် စာရင်းအင်းဌာနခွဲ (ရုံးချုပ်) |
| (ဗ) | ဒေါ်နေခြည်ဝင်း | ဖျာပုံခရိုင်ဦးစီးမှူးရုံး<br>(ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်<br>အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတွဲဖက်) |
| (ဘ) | ဒေါ်ဇင်သူမိုး | သထုံခရိုင်ဦးစီးမှူးရုံး<br>(ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များအပေါ်<br>အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီတွဲဖက်) |
| (မ) | ဦးအွန်ဆွင့်ခိုင် | ဘေးအန္တရာယ်ဆန်းစစ်အကဲဖြတ်ခြင်းနှင့် အရေးပေါ်<br>တုံ့ပြန်မှုဌာနခွဲ၊ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (ယ) | ဒေါ်ရွှေယမင်းဦး | ပြိုဟ်တုမှပုံရိပ်ဖမ်းယူစူးစမ်းလေ့လာမှုဌာနခွဲ<br>အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (ရ) | ဦးမျိုးကို | လားရှိုးခရိုင်ဦးစီးမှူးရုံး |
| (လ) | ဦးကျော်ဇေယျ | စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံး |
| (ဝ) | ဦးညီညီကျော် | ကျောက်ဖြူခရိုင်ဦးစီးမှူးရုံး<br>(ရခိုင်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (သ) | ဦးအောင်ဆန်းမင်း | ရခိုင်ပြည်နယ်ဦးစီးမှူးရုံး |
| (ဟ) | ဦးမင်းထိုက် | ချင်းပြည်နယ်ဦးစီးမှူးရုံး |
| (ဠ) | ဒေါ်အေးအေးအောင် | ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်းဦးစီးမှူးရုံး |
| (အ) | ဒေါ်လဲ့ရည်ချို | မြောင်းမြခရိုင်ဦးစီးမှူးရုံး |

| စဉ် | အမည် | တာဝန်ချထားမည့် ဌာန |
|---|---|---|
| (ကက) | ဒေါ်သက်နှင်းစု | ဖားဆောင်းမြို့နယ်ဦးစီးမှူးရုံး၊ (ဝန်ကြီးရုံးတွဲဖက်) |
| (ခ ခ) | ဒေါ်ဟိဏ်းသီရိကျော် | ဟိုပန်ခရိုင်ဦးစီးမှူးရုံး၊ (ရှမ်းပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (ဂ ဂ) | ဒေါ်နော်ကြူကြူဝေ | ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး |
| (ဃဃ) | ဒေါ်ခင်သူဇာမြင့် | မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး |
| (င င) | ဒေါ်နန်ဟီးနင်ဖီရမ် | ကြာအင်းဆိပ်ကြီးမြို့နယ်ဦးစီးမှူးရုံး (ကရင်ပြည်နယ်ဦးစီးမှူးရုံးတွဲဖက်) |
| (စ စ) | ဒေါ်တင်ဇာဝင်း | ကန့်ဘလူခရိုင်ဦးစီးမှူးရုံး၊ (ဝန်ကြီးရုံးတွဲဖက်) |
| (ဆဆ) | ဒေါ်မေခိုင်ဆက် | ပြည်ခရိုင်ဦးစီးမှူးရုံး |
| (ဇ ဇ) | ဒေါ်ဥမ္မာချမ်းမြေ့ | အင်္ဂပူမြို့နယ်ဦးစီးမှူးရုံး (သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုသင်တန်းကျောင်းတွဲဖက်) |
| (ဈ ဈ) | ဒေါ်သဲပြည့်ဝင်း | ငြိုဟ်တုမှပုံရိပ်ဖမ်းယူစူးစမ်းလေ့လာမှုဌာနခွဲ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |
| (ညည) | ဒေါ်သူသူဟန် | ဆက်သွယ်ညှိနှိုင်းရေးဌာနခွဲ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဗဟိုဌာန (ရုံးချုပ်) |

ဒေါက်တာဝင်းမြတ်အေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်)

၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၉) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူး/လက်ထောက်အတွင်းဝန်၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးအောင်စိုးဝင်း အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသည့် ဒုတိယအမြဲတမ်းအတွင်းဝန်၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

နိုင်သက်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၄ ရက်)

အမှတ် ၄၂။ ။ အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူး/ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိ အဆင့်-၁)၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ညွှန်ကြားရေးမှူး/ ပြည်နယ်ဥပဒေအရာရှိ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး၊ ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဒေါ်နော်စေးဝါးဖော ဥ/၂၃၈၈ | ဒုတိယညွှန်ကြားရေးမှူး ဥပဒေဘာသာပြန်ဌာနခွဲ ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူး ဥပဒေဘာသာပြန်ဌာနခွဲ ဥပဒေများစိစစ်အကြံပြုရေးဦးစီးဌာန ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂။ | ဦးကြည်မြိုင် ဥ/၂၂၇၇ | ခရိုင်ဥပဒေအရာရှိ မုံရွာခရိုင်ဥပဒေရုံး | ပြည်နယ်ဥပဒေအရာရှိ ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး |

ထွန်းထွန်းဦး
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၀၃၉/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

အောက်ဖော်ပြပါ စာရင်းစစ် (၁) များအား မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့် စာရင်းစစ်ချုပ်ရုံး/ စာရင်းစစ်ရုံးများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် ရက်မှစ၍ ဦးစီးအရာရှိများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|---|
| ၁။ | ဦးထိန်ဝင်းအောင် | ၇၇၆၅ | သထုံ | ဒီးမော့ဆို |
| ၂။ | ဒေါ်ခင်မိုးဆွေ | ၈၅၅၀ | ဆိပ်ဖြူ | ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဒေါ်တင်မာခိုင် | ၈၇၄၉ | ချမ်းအေးသာစံ | ပဲခူးတိုင်းဒေသကြီး |
| ၄။ | ဒေါ်တင်တင်ခိုင် | ၈၅၁၇ | တောင်တွင်းကြီး | နတ်မောက် |
| ၅။ | ဒေါ်လှလှမြင့် | ၈၉၃၇ | ညောင်ဦးခရိုင် | မန္တလေးတိုင်းဒေသကြီး |
| ၆။ | ဒေါ်ညိုညိုစိန် | ၈၃၄၆ | မြိတ် | မွန်ပြည်နယ် |
| ၇။ | ဒေါ်ခင်ဆွေဝင်း | ၈၁၉၈ | ဘားအံခရိုင် | မွန်ပြည်နယ် |
| ၈။ | ဒေါ်စုလှိုင် | ၇၉၃၃ | ယင်းမာပင် | ရခိုင်ပြည်နယ် |
| ၉။ | ဦးထျန်ဆန်ထန်း | ၇၃၉၈ | ကလေး | ပုဏ္ဏားကျွန်း |
| ၁၀။ | ဒေါ်ခိုင်ခိုင်သော် | ၇၉၉၀ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်တိုင်းဒေသကြီး |
| ၁၁။ | ဒေါ်ချိုချိုသန်း | ၈၀၆၇ | ရုံးအဖွဲ့ (ဦးစီးရုံး) | ကွမ်းခြံကုန်း |

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲရုံး | တိုးမြှင့်ခန့်အပ်သည့်ရုံး |
|---|---|---|---|---|
| ၁၂။ | ဒေါ်တင်တင်ဝင်း | ၇၉၅၃ | ကျောက်မဲခရိုင် | ရှမ်းပြည်နယ် |
| ၁၃။ | ဒေါ်နီနီမာ | ၇၄၈၂ | ကလော | ရှမ်းပြည်နယ် |
| ၁၄။ | ဒေါ်စန်းစန်းအေး | ၇၇၉၆ | ရှမ်းပြည်နယ် | ကွတ်ခိုင် |
| ၁၅။ | ဒေါ်ခင်သိန်းငွေး | ၈၄၁၉ | လွိုင်လင် | မိုင်းတုံ |
| ၁၆။ | ဒေါ်နန်းသိင်္ဂီမြင့် | ၈၄၀၅ | တာချီလိတ် | မိုးမိတ် |
| ၁၇။ | ဒေါ်တင်တင်နု | ၇၈၀၈ | ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ၁၈။ | ဒေါ်သန္တာ | ၈၇၄၃ | လယ်ဝေး | ဧရာဝတီတိုင်းဒေသကြီး |

နိုင်သက်ဦး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၀၄၄/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

မြစ်ကြီးနားမြို့နယ် စာရင်းစစ်ရုံးမှ စာရင်းစစ် (၁) ဒေါ်သီတာ (၈၃၃၃) ကို မြစ်ကြီးနားမြို့နယ် စာရင်းစစ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ဦးစီးအရာရှိအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်။

နိုင်သက်ဦး
အမြဲတမ်းအတွင်းဝန်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် ၀၆၆/၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၉ ခုနှစ်၊ မတ်လ ၁၄ ရက်)

အောက်ဖော်ပြပါ ဒုတိယညွှန်ကြားရေးမှူးများကို မိမိတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသည့်ဌာနများတွင် တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်ရက်မှစ၍ ညွှန်ကြားရေးမှူးများအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | ကိုယ်ပိုင်အမှတ် | ထမ်းရွက်ဆဲဌာန | တိုးမြှင့်ခန့်အပ်သည့်ဌာန |
|---|---|---|---|---|
| ၁။ | ဒေါ်ခင်လေးမြင့် | ၅၃၄၃ | စစ်ဆေးရေးဦးစီးဌာန | စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန |
| ၂။ | ဦးအေးငွေ | ၅၇၄၉ | ရုံးအဖွဲ့ (ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်း ပြန်ကြားရေးဌာနခွဲ) | ရုံးအဖွဲ့ (ပြည်တွင်းပြည်ပ ဆက်ဆံရေးနှင့် သတင်း ပြန်ကြားရေးဌာနခွဲ) |

မော်သန်း
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၀၇၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်)

## သတင်းထုတ်ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခါအားလျော်စွာ သတင်းထုတ်ပြန်ခြင်းနှင့် သတင်းမီဒီယာများ၊ ပြည်သူလူထုမှသိရှိရန် လိုအပ်သည့်အချက်အလက်များနှင့်ပတ်သက်၍ အသိပေးခြင်းနှင့် မေးမြန်းချက်များအား ဖြေကြားခြင်းတို့ကို တာဝန်ယူဆောင်ရွက်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သတင်းထုတ်ပြန်ရေးအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | |
|---|---|---|
| (က) | ဒေါ်နိုင်သက်ဦး<br>အမြဲတမ်းအတွင်းဝန်<br>(ဖုန်း - ၀၆၇ - ၄၀၇၃၃၂) | အဖွဲ့ခေါင်းဆောင် |
| (ခ) | ဒေါ်ခိုင်ခိုင်အောင်<br>ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)<br>(ဖုန်း - ၀၆၇ - ၄၀၇၃၃၅) | အဖွဲ့ဝင် |
| (ဂ) | ဒေါ်စန်းစန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး)<br>(ဖုန်း - ၀၆၇ - ၄၀၇၅၀၆) | အဖွဲ့ဝင် |
| (ဃ) | ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး/<br>နည်းပညာဖွံ့ဖြိုးရေး)<br>(ဖုန်း - ၀၆၇ - ၄၀၇၃၃၆) | အဖွဲ့ဝင် |
| (င) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်/<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(ရုံးအဖွဲ့)<br>(ဖုန်း - ၀၆၇ - ၄၀၇၂၈၇) | အတွင်းရေးမှူး |

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သတင်းပြန်ကြားရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်သူလူထုသို့ အသိပေးရန် လိုအပ်သည့် သတင်းများအား အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးခြင်း၊

(ခ) ဖြစ်ပေါ်နေသည့် အခြေအနေများအပေါ် မူတည်သုံးသပ်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ကြိုတင်ဆောင်ရွက်သင့်သည့် သတင်းမီဒီယာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်တွင်းပြည်ပရှိ သတင်းဌာနများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ သတင်းဌာနများ၊ ပြည်သူလူထုမှသိရှိရန် လိုအပ်သည့်မေးခွန်းများ၊ မေးမြန်းလာသည့်ကိစ္စရပ်များအား ဖြေကြားခြင်း၊

(ဃ) ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ သတင်းပြန်ကြားရေးအဖွဲ့၏ သတင်းစုဆောင်း ထုတ်ပြန်ရေးလုပ်ငန်းများတွင် ဌာနခွဲများအသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်ပေးခြင်း။

မော်သန်း

ပြည်ထောင်စုစာရင်းစစ်ချုပ်

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၉) အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) မှ ပါမောက္ခချုပ်နှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ လစာနှုန်း (၅၅၀,၀၀၀/-) (၂) ဦးတို့အား ယှဉ်တွဲဖော်ပြပါ ဦးစီးဌာန/တက္ကသိုလ်များသို့ လစာနှုန်းတူရာထူးဖြင့် ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန် ထမ်းဆောင်စေလိုက်သည် -

| စဉ် | အမည်၊ လက်ရှိရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ရာထူး၊ ဌာန |
|---|---|---|
| ၁။ | ဦးညီညီစံ<br>ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်) | ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| ၂။ | ဦးကျော်စိုး<br>ညွှန်ကြားရေးမှူးချုပ်<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန | ပါမောက္ခချုပ်<br>ဗဟိုဝန်ထမ်းတက္ကသိုလ်<br>(အထက်မြန်မာပြည်) |

ဒေါက်တာဝင်းသိမ်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရာထူးဝန်အဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်)

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ သတင်းထုတ်ပြန်နိုင်ရန်အတွက် **ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးစောဗယ်လင်တိုင်း — အဖွဲ့ခေါင်းဆောင်
အဖွဲ့ဝင်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ခ) ဦးခင်မောင်ဝင်း — အဖွဲ့ဝင်
အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ဂ) ဦးညီညီစံ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(ဃ) ဦးကျော်ဝင်းဟန် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဝန်ထမ်းရေးရာဦးစီးဌာန

(င) ဦးလှအောင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန

(စ) ဒေါ်ချိုမာမြင့် — တွဲဖက်အတွင်းရေးမှူး
လက်ထောက်အတွင်းဝန်၊ ဥက္ကဋ္ဌရုံးအဖွဲ့
Contact Person (ဖုန်း-၀၆၇-၄၀၉၁၉၀)

(ဆ) ဦးမြင့်ဆွေ — အတွင်းရေးမှူး
ဒုတိယအမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့

၂။ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရာထူးရွေးချယ်ရေးအတွက် ကြော်ငြာခေါ်ယူခြင်း၊ အရည်အချင်းစစ် ရေးဖြေစာမေးပွဲကျင်းပခြင်း၊ ဝန်ထမ်းများအား ရွေးချယ်ပေးခြင်းနှင့် လေ့ကျင့်ပေးခြင်း၊ အရာထမ်းပြောင်းရွှေ့ခြင်း ဆောင်ရွက်မှုများကို ပြည်သူများ စိတ်ဝင်စားလာစေရန်အတွက် မှန်ကန်ပြီး အကျိုးရှိမည့် သတင်းများကို လက်ဦးမှုရှိအောင် လမ်းညွှန်မှုခံယူ ထုတ်ပြန်ပေးရန်၊

(ခ) အစိုးရသစ်ကာလ ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကာလတို၊ ကာလလတ်၊ ကာလရှည် စီမံကိန်းများ စတင်အကောင်အထည်ဖော်မှုအခြေအနေများ၊ ပြည်သူကို ရှေးရှုသော စိတ်ဓာတ်ဖြင့် တာဝန်ထမ်းဆောင်နိုင်မည့် ဝန်ထမ်းကောင်းများ ပေါ်ထွက်လာရေး လေ့ကျင့်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းအသိပေးရန်၊

(ဂ) နိုင်ငံ့ဝန်ထမ်း အရည်အသွေးတိုးတက်မြင့်မားစေရေးအတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်တွင်း၌ ကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများနှင့်စပ်လျဉ်းသည့် သတင်းများကို လမ်းညွှန်မှုခံယူ ထုတ်ပြန်ပေးရန်၊

(ဃ) ဤအဖွဲ့မှ အခါအားလျော်စွာ ပြုလုပ်သည့် အခမ်းအနားများနှင့်စပ်လျဉ်းသည့် သတင်းများအား ထုတ်ပြန်နိုင်ရေး ဆောင်ရွက်သွားရန်၊

(င) သတင်းအချက်အလက်များ စုစည်းထုတ်ပြန်ရာတွင် နိုင်ငံတော်မူဝါဒများနှင့်အညီ စိစစ်သုံးသပ်ပြီး လျှို့ဝှက်ထားရန်ဖြစ်သော (Confidential)၊ သတိကြီးစွာထားရသော (Sensitive)၊ သတင်းအချက်အလက်များ ပါရှိမှုမရှိစေရေး အလေးထားရန်နှင့် ပြည်သူတို့ သိသင့်သိထိုက်သည့် သတင်းနှင့် အချက်အလက်များကိုသာ ပြုစုထုတ်ပြန်ရန်၊

(စ) ထုတ်ပြန်မည့် သတင်းအချက်အလက်များသည် အဖွဲ့အစည်းတစ်ခုခုအားလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများအားလည်းကောင်း ထိခိုက်နစ်နာမှု မဖြစ်ပေါ်စေရေးနှင့် ဘာသာရေးနှင့်ပတ်သက်၍ ထိခိုက်စော်ကားမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန်၊

(ဆ) အခါအားလျော်စွာ ဌာနတွင်းအသိပေးရမည့် အကြောင်းအရာကိစ္စများရှိပါက ရှင်းလင်းပွဲများ ပြုလုပ်၍ အသိပေး ဆောင်ရွက်ရန်၊

(ဇ) သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစုဆောင်းထုတ်ပြန်မှု လုပ်ငန်းများတွင် ဝန်ကြီးဌာနနှင့်အဖွဲ့အစည်း အသီးသီးမှ အထောက်အကူပေးနိုင်ရေးအတွက် လိုအပ်သည်များ ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက်ရန်။

၃။ ဤအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၂၁၁/ရအဖ/၁/၂၀၁၇ ဖြင့် ထုတ်ပြန်ခဲ့သည့် အမိန့်ကြော်ငြာစာကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

ဒေါက်တာဝင်းသိမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးအစိုးရ**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၉)**

ရန်ကုန်မြို့၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု) မှ ဌာနမှူး၊ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) ကိုယ်ပိုင်အမှတ် မစ-၁၀၁၉ ဦးအောင်ဆန်းဝင်း အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့တွင် ကျင်းပသော ကော်မတီဝင်များ၏ အစည်းအဝေးဆုံးဖြတ်ချက်အမှတ် ၆။ (၅) အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ အထိ ခံစားခွင့်ပြုပြီး ယင်းခွင့်ကုန်ဆုံးပြီး နောက်တစ်နေ့ဖြစ်သော ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မောင်မောင်စိုး
ဥက္ကဋ္ဌ (မြို့တော်ဝန်)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်<br>( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက် ) | သောကြာနေ့ |
| --- | --- | --- |

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

## သမဝါယမဦးစီးဌာန

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၁ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၅ ရက်)

အမှတ် ၁ ။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၉) ၏ သဘောတူခွင့်ပြုချက်အရ ဦးစီးမှူးရာထူး၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) မှ ဦးစီးအရာရှိရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) သို့ ရာထူးတိုးမြှင့်ခန့်ထားခြင်းခံရသော အောက်ဖော်ပြပါ ဦးစီးမှူးများအား မိမိတို့၏တာဝန်ဝတ္တရားများကို စွန့်လွှတ်စေပြီးလျှင် ၎င်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မူလလုပ်ငန်းဌာနများတွင် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်တာဝန်ချထားလိုက်သည် -

| စဉ် | အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မူလလုပ်ငန်းဌာန (ရာထူးတိုးမြှင့်တာဝန်ချထားသည့်လုပ်ငန်းဌာန) |
| --- | --- | --- |
| (၁) | ဒေါ်သီတာဦး<br>၄/ထတလ (နိုင်) ၀၀၀၈၆၇ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) |
| (၂) | ဒေါ်သန်းသန်းလှိုင်<br>၅/စကန (နိုင်) ၀၂၉၅၁၇ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) |
| (၃) | ဦးဝင်းငွေ<br>၅/ကလထ (နိုင်) ၀၀၂၉၇၁ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) |
| (၄) | ဦးစိန်ညွန့်ဦး<br>၅/ငဇန (နိုင်) ၀၁၀၈၂၉ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) |
| (၅) | ဦးကိုကိုမောင်<br>၅/စကန (နိုင်) ၁၅၅၄၄၈ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) |
| (၆) | ဒေါ်သီတာထွန်း<br>၅/ရဘန (နိုင်) ၁၆၈၂၃၂ | သမဝါယမတက္ကသိုလ် (စစ်ကိုင်း) |

| စဉ် | အမည်နှင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် | မူလလုပ်ငန်းဌာန (ရာထူးတိုးမြှင့်တာဝန်ချထားသည့်လုပ်ငန်းဌာန) |
|---|---|---|
| (၇) | ဒေါ်ဝင်းမေသိန်း ၁၂/သလန (နိုင်) ၀၀၂၆၇၃ | သမဝါယမတက္ကသိုလ် (သန်လျင်) |

ကျော်ဌေး၊
ညွှန်ကြားရေးမှူးချုပ်၊
သမဝါယမဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၀ ပြည့်နှစ်၊ တန်ခူးလဆန်း ၈ ရက်

(၂၀၁၉ ခုနှစ်၊ ဧပြီလ ၁၂ ရက်)

အမှတ် ၅ ။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါ စာအမှတ်-၅၈၅၆/၁၁-၁-၁ အမ (စီမံ-၂) ဖြင့် ခန့်ထားသည့် သာစည်မြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဦးစီးအရာရှိရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးသူရအောင် အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဗိုလ်ဗိုလ်ကျော်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၉ ရက်)

အမှတ် ၆ ။ ။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) ၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်စွဲပါ စာအမှတ်-၅၈၅၆/၁၁-၁-၁ အမ (စီမံ-၂) ဖြင့်ခန့်ထားသည့် လက်ပံတန်းမြို့၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းတိုင်းခွဲ)၊ ဦးစီးအရာရှိရုံးမှ ဦးစီးအရာရှိ (မြို့ပြ) ဦးမင်းမင်းဇော် အား လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) တွင် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ကျော်မြင့်လှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

၁၃၈၁ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၁၉ ခုနှစ်၊ မေလ ၂၁ ရက်)

အမှတ် ၂၂၀ ။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတွင် ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၁၄/၂၀၁၈) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ မေလ ၁၆ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ (သစ်တော) ၂(၂)/၀၈ (က) (၂၀၂၇/

၂၀၁၉) တို့အရ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်မှ လက်ထောက်ညွှန်ကြားရေးမှူး၊ ဦးလင်းအောင်ရွှေ အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) ရာထူးနေရာသို့ ဒုတိယညွှန်ကြားရေးမှူး အလုပ်တာဝန်များကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## ပင်စင်ဦးစီးဌာန

## ရုံးအမိန့်အပိုင်း (၁)

၁၃၈၁ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်)

အမှတ် ၀၀၃၅/၂၀၁၉ ။ ။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဦးစီးမှူး၊ ဒေါ်နေနေနွယ်မိုး အား စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ စာအမှတ်၊ စဘ/ဘဏ္ဍာ-၁/၂/၄-၁ (၂၈၅၇/၂၀၁၉) အရ ၂၀၁၉ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒေါက်တာဝါဝါမောင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပင်စင်ဦးစီးဌာန။

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၆ ရက်)

အမှတ် ၁။ ။ ပင်လယ်ကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ သီလဝါဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ် (၃၀)၊ (၃၁+၃၂) တွင် BOT စနစ်ဖြင့် တည်ဆောက်ထားသော International Bulk Terminal Thilawa သည် ဝမ်းပုံလောင်းကုန် (Bulk Cargo) ဂျုံစေ့များ တန်ချိန် (၂၀၀၀၀) ခန့် သယ်ဆောင်လာသော MV New Journey အမည်ရှိ သင်္ဘောဆိုက်ကပ်၍ ကုန်ပစ္စည်း (ဂျုံစေ့) များအား သင်္ဘောချ ရှင်းလင်းဆောင်ရွက်နိုင်ရန်အတွက် အဆိုပါ ခေတ်မီဘက်စုံသုံး ဆိပ်ခံတံတားနေရာကို အကောက်ခွန်ဆိပ်ခံတံတားနေရာအဖြစ် ၂၀၁၉ ခုနှစ်၊ မေလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ ယာယီဆိပ်ကမ်းအဖြစ် သတ်မှတ်လိုက်သည်။

အမှတ် ၂ ။ ။ ပင်လယ်ရေကြောင်းအကောက်ခွန် အက်ဥပဒေပုဒ်မ ၁၁ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်-ကျောက်တန်းနယ်မြေ၊ သီလဝါဆိပ်ကမ်းဒေသ၊ မြေကွက်အမှတ် (၂၅၊ ၂၆) တွင် ဂျပန်နိုင်ငံအစိုးရ၏ (ODA Loan) ဖြင့် တည်ဆောက်ထားသော Thilawa Multipurpose International Terminal (TMIT) ခေတ်မီအပြည်ပြည်ဆိုင်ရာ ဘက်စုံသုံးဆိပ်ခံတံတားအား ကုန်သေတ္တာနှင့် အထွေထွေကုန်စည်များ ကုန်တင်ကုန်ချပြုလုပ်နိုင်သည့် အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအဖြစ် သတ်မှတ်လိုက်သည်။

ရန်ကုန်မြို့၊ ၁၃၈၁ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
(၂၀၁၉ ခုနှစ်၊ မေလ ၇ ရက်)

အမှတ် ၃ ။ ။ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ (၂၄) အရ အပ်နှင်းထားသော အခွင့်အာဏာများကိုကျင့်သုံးလျက် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်သည် အောက်ဖော်ပြပါ ပစ္စည်းများကို အကောက်ခွန်ကင်းလွတ်ခွင့်ရှိသော ခရီးသည်ကိုယ်သုံးဝန်စည်ပစ္စည်းများအဖြစ် ပြင်ဆင်သတ်မှတ်လိုက်သည် -

(က) **ခရီးသည်ကိုယ်သုံးဝန်စည်များ**

(၁) ခရီးဆောင်အပျော်တမ်းရိုက် ကင်မရာတစ်လုံး၊ ၎င်းနှင့်ဆက်စပ်နေသော အပိုပစ္စည်းတစ်စုံ (Professional ပစ္စည်းများမပါ)၊

(၂) ဂေါက်သီးရိုက်တံတစ်စုံ (Golf Set one set)၊

(၃) စက်ဘီးတစ်စီး၊

(၄) ဆရာဝန်ခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ လမ်းခရီးတွင် ခရီးသည်အမှန်တကယ် သုံးစွဲရန်လိုအပ်သည့် တားမြစ်ကန့်သတ်ချက်မရှိသော ကိုယ်သုံးဆေးဝါးများ၊

(၅) နှစ်လီတာထက်မပိုသော အရက်ယမကာမျိုးစုံ၊

(၆) (၁၅၀) ml ထက်မပိုသော ရေမွှေး၊

(၇) လိပ်ရေ (၄၀၀) ထက်မပိုသော စီးကရက်၊ လိပ်ရေ (၅၀) ထက်မပိုသော ဆေးပြင်းလိပ်၊ (၂၅၀) gm ထက်မပိုသော ဆေးတံသောက်ဆေး၊

(၈) အမှတ်တရရိုက်ကူးရေးအတွက် ခရီးဆောင် Video Camera သို့မဟုတ် HD Cam သို့မဟုတ် DV Cam ကိရိယာတစ်ခုနှင့် အရန်ဓာတ်ခဲတစ်စုံ၊

(၉) ခရီးဆောင် Computer တစ်လုံး၊ ယင်းနှင့် ဆက်စပ်ပစ္စည်းတစ်စုံ၊

(၁၀) တန်ဖိုးအမေရိကန်ဒေါ်လာ ၅၀၀ ထက်မပိုသော ခရီးသည်တစ်ကိုယ်ရေသုံးဝန်စည်နှင့် အိမ်သုံးပစ္စည်းများ၊

(၁၁) (၄၂) လက်မ TV တစ်လုံး၊

(၁၂) မြန်မာနိုင်ငံသားခရီးသည် မြန်မာနိုင်ငံမှ ထွက်ခွာသွားချိန်တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် ယူဆောင်သွားသော လက်ဝတ်ရတနာများ။

(ခ) အပိုဒ်ခွဲ (က) ပါ ပစ္စည်းများမှအပ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းခြင်းမရှိသော ခရီးသည်တစ်ဦး၏ကိုယ်သုံးအတွက် ယူဆောင်လာသော ပစ္စည်းများ၊ တန်ဖိုး အမေရိကန်ဒေါ်လာ (၅၀၀) ထက်မပိုသော ပစ္စည်းများကို ခရီးသည်ကိုယ်တိုင်အသုံးပြုရန်ဖြစ်သည်ဟု ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် ၎င်းက အာဏာလွှဲအပ်ထားသော အကောက်ခွန်အရာရှိက ယုံကြည်လက်ခံလျှင် အကောက်ခွန်ကင်းလွတ်ခွင့်ရှိသော ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။

(ဂ) နိုင်ငံတော်အဖွဲ့အစည်းများနှင့် ဆက်စပ်၍သော်လည်းကောင်း၊ ပုဂ္ဂလိကကုမ္ပဏီများနှင့် ဆက်စပ်၍ သော်လည်းကောင်း၊ နိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံမှုနှင့် အခြားလုပ်ငန်းတာဝန်များဆောင်ရွက်ရန် ရောက်ရှိလာသော နိုင်ငံခြားသားများက ယူဆောင်လာသည့် လုပ်ငန်းသုံး Tools & Equipment ပစ္စည်းများကို လုပ်ငန်းပြီးဆုံး၍ နိုင်ငံတော်မှ ပြန်လည်ထွက်ခွာချိန်တွင် ပြန်လည်ယူဆောင်သွားပါမည်ဟု ကတိခံဝန်ချက်ဖြင့် ယူဆောင်ခွင့်ပြုသည်။

(ဃ) နိုင်ငံခြားတွင်သေဆုံးသွားသော ခရီးသည်တစ်ဦး၏ပစ္စည်းများကို နိုင်ငံတော်အတွင်း ပြန်လည် တင်သွင်းလာပါက အကောက်ခွန်ကင်းလွတ်ခွင့်ပြုသည့် ဝန်စည်အဖြစ် သတ်မှတ်နိုင်သည်။

၂။ အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်စွဲပါ စာအမှတ်၊ ၅၇-က-၂၀၀၇ ဖြင့် ထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာအား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ကျော်ထင်၊
ညွှန်ကြားရေးမှူးချုပ်၊
အကောက်ခွန်ဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၁ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် ( ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ယူနီတက်မန္တလေး ကုမ္ပဏီလီမိတက်**

**(UNITECH MANDALAY COMPANY LIMITED)**

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **ယူနီတက်မန္တလေး ကုမ္ပဏီလီမိတက် (UNITECH MANDALAY COMPANY LIMITED)** အား (၁၂-၆-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၇၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

(ခ) **ယူနီတက်မန္တလေး ကုမ္ပဏီလီမိတက် (UNITECH MANDALAY COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Daw Hnin Pwint Hlaing
Director
Unitech Mandalay Co.,Ltd

ဒေါ်ခင်လေးနွယ်
ဒါရိုက်တာ
Unitech Mandalay Co.,Ltd

## တင်အင်(န်) ဝမ်း ကုမ္ပဏီလီမိတက်
## (TIN & ONE COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **တင်အင်(န်) ဝမ်း ကုမ္ပဏီလီမိတက် (TIN & ONE COMPANY LIMITED)** အား (၁၂-၆-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

(ခ) **တင်အင်(န်) ဝမ်း ကုမ္ပဏီလီမိတက် (TIN & ONE COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U Tin Myaing
Managing Director
Tin & One Company Limited

## Notice for Final Closure of
## Hanwha Consulting Services Myanmar Co.,Ltd

(Voluntary Winding up)

Notice is hereby given that the Final General Meeting of shareholders of **Hanwha Consulting Services Myanmar Co.,Ltd** will be held at 11:00 am on [30th June , 2019] at No.33(A), Pyay Road, Mayangone Township, Yangon, Myanmar.

Liquidator's final report will be submitted to the Final General Meeting and final closure of the Company will be approved by shareholders.

Daw Than Than
[B.A (Law), LL.B, (Advocate-1342)]
Liquidator

No.408, Ba Nyar Da La Road, Byaing Yae Oe Sin Kwat Thit, Tamwe Township, Yangon.

## ဂရင်းနာ(က်) အိုင်စီအမ် ကုမ္ပဏီလီမိတက်
## (GREENARC ICM COMPANY LIMITED)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မေလ (၃၁) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ သာမန်မဟုတ်သော အစည်းအဝေးဆုံးဖြတ်ချက် (Extraordinary Resolution) အရ **ဂရင်းနာ(က်) အိုင်စီအမ် ကုမ္ပဏီလီမိတက် (GREENARC ICM COMPANY LIMITED)** ကို (၁၃-၆-၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးဖြိုးအောင်မြင့် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇) အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်နေ့ကို နောက်ဆုံးထား၍ (၁) လအတွင်း ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

Ashok Kumar
Managing Director
Greenarc ICM Co.,Ltd

ဦးဖြိုးအောင်မြင့်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ် (၈၅)၊ မြေညီ၊ ၃၇ လမ်း၊ (၅) ရပ်ကွက်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

## ဂျေတီအမ်တီ ကုမ္ပဏီလီမိတက်
## (JTMT CO.,LTD)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **ဂျေတီအမ်တီ ကုမ္ပဏီလီမိတက် (JTMT CO.,LTD)** အား (၅. ၆. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးမောင်မောင်စိုး
အုပ်ချုပ်မှုဒါရိုက်တာ
ဂျေတီအမ်တီ ကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), CPA]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## ကေ၊ ဂျီ၊ ပိုး၊ စတား ထရိတ်ဒင်း ကုမ္ပဏီလီမိတက်
## (K.G.POLE STAR TRADING CO.,LTD)

အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ကေ၊ ဂျီ၊ ပိုး၊ စတား ထရိတ်ဒင်း ကုမ္ပဏီလီမိတက် (K.G .POLE STAR TRADING CO.,LTD)** အား (၅. ၆. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်တင်တင်ကျော် [B.Com (Q), CPA] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၅) ရက်နေ့ကို နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ခင်လှကြည်
အုပ်ချုပ်မှုဒါရိုက်တာ
ကေ၊ ဂျီ၊ ပိုး၊ စတား ထရိတ်ဒင်း ကုမ္ပဏီလီမိတက်

ဒေါ်တင်တင်ကျော်
[B.Com (Q), CPA]
Daw Tin Tin Kyaw & Group Audit Firm
အမှတ် (၄၅၀)၊ ၄ လွှာ၊ ကမ်းနားလမ်းမ၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

## Lotte Confectionery Co.,Ltd (Myanmar Branch Office)

Voluntary Liquidation

The Board of Directors of Lotte Confectionery Co.,Ltd has resolved to liquidate Lotte Confectionery Co.,Ltd (Myanmar Branch Office) effective as of 29th April, 2019. With the authority vested by the Resolution of the Board of Directors, the Authorized Officer of Lotte Confectionery (Myanmar Branch Office) hereby appoints Daw Than Than, B.A (Law), LL.B, (Advocate), No.408, Ba Nyar Da La Road, Byaing Yae Oe Sin Kwat Thit, Tamwe Township, Yangon, Myanmar as a Liquidator for Lotte Confectionery Co.,Ltd (Myanmar Branch Office.)

All creditors of Lotte Confectionery Co.,Ltd (Myanmar Branch Office) are, therefore, requested to submit details of their claims together with any documentary evidence to the liquidator at the address given below, not later than 30th June, 2019.

Daw Than Than
[B.A (Law), LL.B, (Advocate-1342)]
Liquidator
No.408, Ba Nyar Da La Road,
Byaing Yae Oe Sin Kwat Thit,
Tamwe Township, Yangon.

## ဖိုင်း(ယား)ဆေ့(ဖ်) ကုမ္ပဏီလီမိတက်

## (FIRE SAFE COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ

ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က)　၂၀၁၉ ခုနှစ်၊ ဇွန်လ (၁၂) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁)　**ဖိုင်း(ယား)ဆေ့(ဖ်) ကုမ္ပဏီလီမိတက် (FIRE SAFE COMPANY LIMITED)** အား (၁၂-၆-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက် ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂)　ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

ဦးအီနုစ် (တရားလွှတ်တော်ရှေ့နေ)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
YE NOOS & ASSOCIATES (Law Firm)

ဒေါ်မိုးမိုးအေး
(B.Com, Dip I.F.R, Diploma in Business Law)
တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။

(ခ)　**ဖိုင်း(ယား)ဆေ့(ဖ်) ကုမ္ပဏီလီမိတက် (FIRE SAFE COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၂) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသီဟညွန့်
ဒါရိုက်တာ
FIRE SAFE COMPANY LIMITED

## ရောဒ္ဒေဝါရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

ဤကုမ္ပဏီ၏ စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပပြုလုပ်မည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားပါကြောင်း ကြေညာအပ်ပါသည်။

အစည်းအဝေးကျင်းပပြုလုပ်မည့်ရက် ။　။ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၁၄) ရက်၊

အစည်းအဝေးကျင်းပမည့်အချိန်　။　။ နံနက် (၁၀း၀၀) နာရီ၊

အစည်းအဝေးကျင်းပမည့်နေရာ　။　။ ကုမ္ပဏီရုံးခန်း။

ဦးစိန်ကျော်ဝင်း
(B.Com, CPA)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၁၄-၆-၂၀၁၉။